မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၈၁)

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ-တရုတ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့တက်ရောက်

## ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကိုအခြေခံ၍ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ-တရုတ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့တက်ရောက်စဉ်။

**နေပြည်တော် ဇူလိုင် ၇**

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့တက်ရောက်ရန် ချင်းတောင်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Qingdao International Conference Center ရှိ Anren ခန်းမ၌ ကျင်းပသည့် မြန်မာ-တရုတ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်သည်။


စာမျက်နှာ ၁၆ ကော်လံ ၁ ☆





## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၈ ရက်)

# အမျိုးသမီးများကဏ္ဍပိုမိုမြင့်မားရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် "ဒေသအလိုက်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတွေမှာ ကွာခြားချက်မကြီးမားစေရေးအတွက် အတတ်ပညာတတ်မြောက်ပြီး အသိပညာပြည့်စုံတဲ့ပညာတတ်များပေါ်များဖို့လည်းလိုအပ်ပါတယ်။ အတန်းပညာရှိမှ အသိပညာနဲ့အတတ်ပညာရဖို့လွယ်ကူမှာဖြစ်ပြီး လူငယ်များမိမိခြေထောက်ပေါ် ရပ်တည်နိုင်စေဖို့အတွက် အသိပညာများ၊ အတတ်ပညာများသင်ကြားလေ့ကျင့်ပေးရမှာဖြစ်ပါတယ်။ အဲဒီလိုပညာရည်မြင့်မားရေးနဲ့ လူငယ်များ ဗလငါးတန်ပြည့်ဝရေး၊ လူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင်ရေးမှာ မိခင်များ၊ ဆရာမများဖြစ်ကြတဲ့ အမျိုးသမီးများရဲ့အခန်းကဏ္ဍဟာ အလွန်အရေးကြီးတဲ့အတွက် အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်"ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာအမျိုးသမီးများမှာ မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှုသမိုင်းစဉ်အဆက်ဆက်တွင် အမျိုးသားများနှင့်ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများဖြင့်ပါဝင်ခဲ့ကြသည်။ ယနေ့ကာလပြည်ထောင်စုတစ်ဝန်းလုံးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နှင့်ဆောင်ရွက်နေကြရာတွင်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသားမြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်သည်။ ထို့ပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းများအပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီးတွင် ကာယအား၊ ဉာဏအားများနှင့်စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ပညာရေးစနစ်တွင် မူလတန်းကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့်သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးတို့ပါဝင်ပြီး ပညာရေးကဏ္ဍနိမ့်ကျနေမှုကိုမြှင့်တင်ရန် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေရေး၊ ကျောင်းနေသည့်ကလေးတိုင်း အနည်းဆုံးအခြေခံပညာအဆင့်တွင် KG+9 အထိ ပြီးမြောက်အောင်သင်ယူရေးမူဝါဒကိုချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အချိန်မတိုင်မီကျောင်းမထွက်ကြရေး၊ တန်းစဉ်ကူးပြောင်းမှုမလျော့နည်းစေရေးနှင့် အသက်မွေးဝမ်းကျောင်းပညာနှင့် အဆင့်မြင့်ပညာများကိုသင်ယူပြီးမြောက်ရေးအတွက် မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ကျား၊ မခွဲခြားမှုမရှိဘဲ တန်းတူရည်တူပညာသင်ကြားခွင့်ရရှိရေးဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးကွင်းဆက်တစ်လျှောက်တွင် လေ့လာတွေ့ရှိချက်များအရ ကျောင်းထွက်မှုနှုန်းများပြားပြီး ပညာတတ်သူနည်းပါးလာမည့်အခြေအနေဖြစ်သည့်အတွက် ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ အမျိုးသမီးများ၏ပညာရေးကဏ္ဍ ယခုထက်ပိုပြီးမြင့်မားလာစေရေးကိုလည်း အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ဒေသအလိုက်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် ကွာဟချက်မကြီးမားစေရေးအတွက် ပညာတတ်များပေါ်များရန်လိုအပ်သည်။

အမျိုးသမီးများအနေဖြင့် အခြေခံပညာကဏ္ဍ၌ ၅၀ ရာခိုင်နှုန်းကျော်၊ အဆင့်မြင့်ပညာကဏ္ဍ၌ ၆၀ ရာခိုင်နှုန်းကျော်၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၌ ၅၀ ရာခိုင်နှုန်းနီးပါး၊ ဆေးပညာကဏ္ဍ၌ ၇၀ ရာခိုင်နှုန်းကျော် ပညာသင်ကြားလျက်ရှိသည်။ ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများတွင် အမျိုးသမီးများအောင်မြင်မှုမှာ ၆၀ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။ ပညာရေးနယ်ပယ်အားလုံးတွင်အမျိုးသမီးများသည် ၈၀ ရာခိုင်နှုန်းကျော် သင်ကြားရေးတာဝန်ထမ်းဆောင်လျက်ရှိသည်။ ထို့ကြောင့် ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်များပျိုးထောင်ရေး၊ လူငယ်လူရွယ်များဗလငါးတန်ပြည့်ဝရေးကိုဆောင်ရွက်ရာ၌ အမျိုးသမီးများ၏အခန်းကဏ္ဍသည် လွန်စွာအရေးပါလျက်ရှိသည်။

အမျိုးသမီးများ၏အခွင့်အရေးနှင့် ကျား၊ မ တန်းတူညီမျှမှုကို အဟန့်အတားဖြစ်စေသည့် လူမှုရေးစံသတ်မှတ်ချက်များ၊ ဓလေ့ထုံးတမ်းများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမှာ ကျား၊ မရေးရာကွာဟချက်ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် အမျိုးသမီးများ၏စွမ်းဆောင်နိုင်မှုကိုအသိအမှတ်ပြုပြီး ရသင့်ရထိုက်သည့်အခွင့်အရေးများကို လက်လှမ်းမီရရှိစေရန် အလေးထားဖော်ဆောင်ပေးကြရမည်ဖြစ်သည်။ အမျိုးသမီးများ၏အခွင့်အရေးနှင့်အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ဥပဒေနှင့်အညီ အပြည့်အဝကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် အကြမ်းဖက်မှုကျူးလွန်သူကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန်အတွက် တည်ဆဲဥပဒေများနှင့်အညီအလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏လမ်းညွှန်မှုနှင့်အညီ အမျိုးသမီးများကိုနည်းမျိုးစုံနှင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကတိကဝတ်များနှင့် အကြံပြုသုံးသပ်ချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်နှင့်အညီ ရေးဆွဲထားသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂)၏ လုပ်ငန်းနယ်ပယ်(၁၂)ရပ်ကိုအကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောမိတ်ဖက်အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ သို့မှသာ အမျိုးသမီးများကဏ္ဍပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။


လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**ကမ္ဘာ့လူဦးရေနေ့**

"ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ"

"Helping vulnerable populations in emergencies"

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်


နေပြည်တော် ဇူလိုင် ၇

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ (သတင်းစဉ်)

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၈-၇-၂၀၂၄(တနင်္လာနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၀ ဓမ္မပူဇာတေး
၃။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၈း၂၀ ရှေးဟောင်းသုတ
၅။ ၈း၂၅ သီချင်းလက်ဆောင်
၆။ ၉း၂၅ ကျန်းမာသုတ
၇။ ၁၀း၂၅ မေးမြန်းစူးစမ်း
၈။ ၁၂း၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
၉။ ၁၃း၁၀ အမှတ်တရနေ့ရက်များ
၁၀။ ၁၃း၄၅ စာဆိုစစ်သည်တပ်မတော်ဂုဏ်ရည်
၁၁။ ၁၉း၀၀ (၃၈)ဖြာမင်္ဂလာ
၁၂။ ညစနာရီသတင်းအပြီး မိုးလေဝသသတင်း
၁၃။ Liked
၁၄။ မှတ်တမ်း

**MWD Variety Channel**

၁။ ၁၀း၄၈ စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
၂။ ၁၁း၄၂ လူငယ်များရဲ့စွမ်းပကား နိုင်ငံတော်ရဲ့အား
၃။ ၁၂း၄၂ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့
၄။ ၁၆း၂၀ Countries of the World
၅။ ၁၈း၄၆ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
၆။ ၂၁း၅၀ သတိမမူ ဂူမမြင်


မြဝတီ နေ့စဉ်
The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ရန်ကုန်၊ မော်တော်ယာဉ်

# စီစီတီဗွီကင်မရာတပ်ဆင်ရန်ကျန်ရှိသည့် YBS ယာဉ်အားလုံး စီစီတီဗွီကင်မရာတပ်ဆင်ရန် စာချုပ်ချုပ်ဆိုပြီးဖြစ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့် YBS ယာဉ်အားလုံး ဇွန်လ ၃၀ ရက်နောက်ဆုံးထား၍ စီစီတီဗွီကင်မရာတပ်ဆင်ရန် ညွှန်ကြားချက်ထုတ်ပြန်ထားပြီးဖြစ်ကြောင်းနှင့် တပ်ဆင်ရန်ကျန်ရှိသည့်ယာဉ်များလည်း တပ်ဆင်ရန် သက်ဆိုင်ရာကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) မှ သိရသည်။

"စီစီတီဗွီကင်မရာတပ်ဆင်ဖို့ ဇွန်လ ၃၀ ရက်နောက်ဆုံးထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင် YBS ယာဉ်အားလုံးနီးပါး တပ်ဆင်ပြီးဖြစ်ပါတယ်။ မတပ်ဆင်ရသေးတဲ့ယာဉ်တွေကလည်း တပ်ဆင်ဖို့အတွက် စာချုပ်ချုပ်ဆိုပြီးဖြစ်ပါတယ်။ ယာဉ်တွေမှာ စီစီတီဗွီကင်မရာတပ်ဆင်ခြင်းအားဖြင့် ယာဉ်တိုက်မှုဖြစ်ရင် ယာဉ်မောင်းရဲ့အမှားလား၊ ခရီးသည်တွေရဲ့အမှားလား၊ လမ်းသွားလမ်းလာတွေရဲ့အမှားလား၊ တခြားယာဉ်တွေရဲ့အမှားလားဆိုတာ သုံးသပ်လို့ရတယ်။ ဒါ့ပြင် YBS ယာဉ်မှာ စီစီတီဗွီကင်မရာတပ်ဆင်ထားတဲ့အတွက် ခါးပိုက်နှိုက်ရှိရင် စီစီတီဗွီကင်မရာပြန်ကြည့်ပြီး ဖမ်းနိုင်ခဲ့တဲ့အမှုတွေလည်း ရှိခဲ့တယ်။ ကားပေါ်မှာတစ်ခုခုဖြစ်ရင်၊ ယာဉ်မောင်းအနေနဲ့ စပယ်ယာတင်တာ၊ ယာဉ်စီးခနဲ့ပတ်သက်တဲ့ကိစ္စတွေကို ခရီးသည်တွေကတိုင်တာရှိရင်လည်း စီစီတီဗွီကင်မရာပြန်ကြည့်ပြီး အထောက်အထားသက်သေအဖြစ် ပြန်ပြလို့ရပါတယ်" ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်ကပြောသည်။

ထို့အတူ YBS ယာဉ်များတွင် YPS ကတ်ဖြင့် အသုံးပြုသည့်စက်များကိုလည်း ယာဉ်လိုင်းပေါင်း ၉၀ ကျော်တွင် တပ်ဆင်ပြီးဖြစ်ကြောင်း၊ စက်တပ်ဆင်ရန်ကျန်ရှိသည့်ယာဉ်အားလုံးသည် လက်ရှိတွင် စက်တပ်ဆင်ရန် သက်ဆိုင်ရာကုမ္ပဏီနှင့် ချိတ်ဆက်ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် YBS ယာဉ်အားလုံး တပ်ဆင်ရန်ညွှန်ကြားပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့် YBS ကုမ္ပဏီ ၂၁ ခုရှိပြီး ယင်းကုမ္ပဏီများ၏ ယာဉ်လိုင်း ၁၃၁ လိုင်းမှ နေ့စဉ် ယာဉ်အစီးရေ ၃၈၀၀ ဝန်းကျင်ဖြင့် ခရီးသည် ၁၅ သိန်းဝန်းကျင်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **ဝန်းရံခ**



လပွတ္တာ၊ စီးပွားရေး

# လပွတ္တာမြို့နယ်မှ ဒေသထွက်မှျင်ငါးပိများ ရန်ကုန်ဈေးကွက်အတွင်း ဝယ်လိုအားကောင်းလျက်ရှိ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မှျင်ငါးပိ ပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒေသထွက်မှျင်ငါးပိများ ဈေးကွက်အတွင်း ဝယ်လိုအားကောင်းလျက်ရှိကြောင်း ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဝင်းမော်၏ ပြောကြားချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက်မှျင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး မေလအတွင်းက မှျင်ငါးပိ ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ကာ ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း မှျင်ငါးပိ ပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ မှျင်ငါးပိတွေအပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဇွန်လတစ်လတာကာလအတွင်း မှျင်ငါးပိ ပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ရန်ကုန်ဈေးကွက်မှာလည်း မှျင်ငါးပိဝယ်ယူမှုအရမ်းများနေပါတယ်။ မှျင်ငါးပိတွေက ပြည်တွင်းဈေးကွက်မှာ ဝယ်လိုအားကောင်းလာပါတယ်။ အခုလို မှျင်ငါးပိတွေ အရောင်းအဝယ်ပြန်ကောင်းလာတော့ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေလာတယ်" ဟု ဒေါ်ဝင်းမော်က ပြောသည်။

လပွတ္တာမြို့နယ်၌ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသခံရေလုပ်သားများ ပင်လယ်ပြင်မှ ဖမ်းယူရရှိသော မှျင်ကောင်များကို ဝယ်ယူအသုံးပြုပြီး အသင့်စားသုံးနိုင်သော မှျင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ မှျင်ငါးပိထုတ်လုပ်ရောင်းချသည့်လုပ်ငန်းတစ်ခုလျှင် လုပ်သား ၁၅ ဦးမှ ၂၅ ဦးအထိ အလုပ်အကိုင်ဖန်တီးပေးနိုင်ကြောင်း သိရသည်။

**သုတကျော်**

ပန်းတနော်၊ စီးပွားရေး

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မွေးမြူရေး အသားစားကြက်ပိဿာချိန် ၇၈၀၀၀ အထိ တင်ပို့ရောင်းချ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မွေးမြူရေးအသားစားကြက် ပိဿာချိန် ၇၈၀၀၀ အထိ တင်ပို့ရောင်းချထားကြောင်း ပန်းတနော်မြို့နယ်မှ မွေးမြူရေးနှင့် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချို၏ပြောပြချက်အရ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက မွေးမြူရေးအသားစားကြက် ပိဿာချိန် ၅၀၀၀၀ ကျော်နှင့် မေလအတွင်းက မွေးမြူရေးအသားစားကြက် ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ မွေးမြူရေးအသားစားကြက် ပိဿာချိန် ၇၈၀၀၀ အထိ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေးအသားစားကြက်တွေ တင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်း ကြက်သားပိဿာချိန် ၇၈၀၀၀ အထိ တင်ပို့ရောင်းချထားပြီးဖြစ်ပါတယ်။ ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေးအသားစားကြက်တွေအပြင် တခြားရေထွက်ကုန်တွေကိုလည်း တင်ပို့ရောင်းချနေပါတယ်။ မွေးမြူရေးအသားစားကြက်တွေ တစ်ပတ်ကိုနှစ်ကြိမ် တင်ပို့ရောင်းချခဲ့ရပြီး အရောင်းအဝယ်ကောင်းလာတာကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေပိုပြီးအဆင်ပြေလာပါတယ်" ဟု ဒေါ်ချိုကပြောသည်။

အဆိုပါ မွေးမြူရေးအသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချအားတက်လာသည့်အတွက် အသားစားကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**သုတကျော်**

## မြဝတီ ကာတွန်း



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

ပထမငါးနှစ်စီမံကိန်းကာလ (၂၀၀၅-၂၀၀၆) ခုနှစ်တွင် ပြီးစီးရန် လျာထားသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ဇယားပါအတိုင်း တွေ့ရသည်-

**၂၀၀၁ ခုနှစ် နှစ် ၃၀ လျှပ်စစ်မဟာဗျူဟာအရ ၂၀၀၅-၂၀၀၆ ခုနှစ်တွင်ပြီးစီးရန် လျာထားသည့်ဓာတ်အားပေးစက်ရုံစီမံကိန်းများ**

| စဉ် | စက်ရုံ/အမျိုးအစား | ပြည်နယ်/တိုင်းဒေသကြီး | လျာထားတပ်ဆင်အင်အား(မဂ္ဂါဝပ်) |
|---|---|---|---|
| ၁ | ပေါင်းလောင်း(ရေအား) | မန္တလေး | ၂၈၀ |
| ၂ | မုန်းချောင်း(ရေအား) | မကွေး | ၇၅ |
| ၃ | သဖန်းဆိပ်(ရေအား) | စစ်ကိုင်း | ၃၀ |
| ၄ | ဖြူးချောင်း(ရေအား) | ပဲခူး | ၆၅ |
| ၅ | ခပေါင်း(ရေအား) | ပဲခူး | ၃၀ |
| ၆ | ကွန်းချောင်း(ရေအား) | ပဲခူး | ၆၀ |
| ၇ | ရဲနွယ်(ရေအား) | ပဲခူး | ၂၅ |
| ၈ | ဘောဂတ(ရေအား) | ပဲခူး | ၁၆၀ |
| ၉ | သောက်ရေခပ်(ရေအား) | ပဲခူး | ၁၅၀ |
| ၁၀ | ရွှေကျင်(ရေအား) | ပဲခူး | ၇၅ |
| ၁၁ | ရဲရွာ(ရေအား) | မန္တလေး | ၇၈၀ |
| ၁၂ | ရွှေလီ(ရေအား) | ရှမ်း(မြောက်) | ၂၀၀ |
| ၁၃ | ကျိုင်းတောင်း(ရေအား) | ရှမ်း(တောင်) | ၂၀ |
| ၁၄ | တောင်နဝင်း(ရေအား) | ပဲခူး | ၂ |
| ၁၅ | ပသိ(ရေအား) | ကရင် | ၂ |
| ၁၆ | သထုံ(ဓာတ်ငွေ့တိုးချဲ့) | မွန် | ၃၂ |
| ၁၇ | မန်း(ဓာတ်ငွေ့တိုးချဲ့) | မကွေး | ၂၀ |
| ၁၈ | ရွှေတောင်(ဓာတ်ငွေ့တိုးချဲ့) | ပဲခူး | ၂၅ |
| ၁၉ | ကျွန်းချောင်း(ဓာတ်ငွေ့တိုးချဲ့) | မကွေး | ၂၅ |
| ၂၀ | တီကျစ်(ကျောက်မီးသွေး) | ရှမ်း(တောင်) | ၁၂၀ |
| ၂၁ | တီကျစ်(တိုးချဲ့) | ရှမ်း(တောင်) | ၆၀ |
| | **စုစုပေါင်း** | | **၂၂၃၆** |

ဤကာလအတွင်းလျာထားခဲ့သော ရေအားလျှပ်စစ်စီမံကိန်းအများစုကို ၂၀၁၀ ပြည့်နှစ်ဝန်းကျင်က ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့သည်။ တချို့မှာမူ ယနေ့အထိ လုပ်ငန်းမစနိုင်သေးသည်ကို တွေ့ရသည်။

ဒုတိယငါးနှစ် (၂၀၀၆-၂၀၀၇ မှ ၂၀၁၀-၂၀၁၁ ခုနှစ်) အတွင်း ပြီးစီးရန်လျာထားချက်များကို အောက်ပါအတိုင်းတွေ့ရသည်-

**၂၀၀၁ ခုနှစ် နှစ် ၃၀ လျှပ်စစ်မဟာဗျူဟာအရ ၂၀၀၆-၂၀၀၇ မှ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်းပြီးစီးရန် လျာထားသည့် ဓာတ်အားပေးစက်ရုံ စီမံကိန်းများ**

| စဉ် | စက်ရုံ/အမျိုးအစား | ပြည်နယ်/တိုင်းဒေသကြီး | လျာထားတပ်ဆင်အင်အား(မဂ္ဂါဝပ်) |
|---|---|---|---|
| ၁ | ဘီလူးချောင်း(၃)(ရေအား) | ကယား | ၄၈ |
| ၂ | ဘီးလင်း(ရေအား) | မွန် | ၂၈၀ |
| ၃ | ကလေးဝ(ကျောက်မီးသွေး) | စစ်ကိုင်း | ၁၀၀ |
| ၄ | အထက်ပေါင်းလောင်း(ရေအား) | မန္တလေး | ၁၄၀ |
| ၅ | ဟတ်ကြီး(ပ-အဆင့်)(ရေအား) | ကရင် | ၃၀၀ |
| ၆ | တာဆန်း(သံလွင်)(ရေအား) | ရှမ်း(အရှေ့) | ၄၆၀၀ |
| | **စုစုပေါင်း** | | **၅၄၆၈** |

ဒုတိယငါးနှစ်စီမံကိန်းကာလတွင်လျာထားသည့် စီမံကိန်းများအနက် ဘီလူးချောင်း အမှတ်(၃)နှင့် အထက်ပေါင်းလောင်းစီမံကိန်းနှစ်ခုသာလျှင် ပထမအကြိမ်ရွေးကောက်ခံအစိုးရကာလအတွင်းတွင် ပြီးစီးခဲ့သည်။ ကျန်စီမံကိန်းများမှာ ၂၀၂၁ ခုနှစ်အထိ အကောင်အထည်ဖော်နိုင်မှု မရှိသေးသည်ကို တွေ့ရသည်။

တတိယငါးနှစ်(၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ခုနှစ်) အတွင်း ပြီးစီးရန် လျာထားချက်များကို အောက်ပါအတိုင်းတွေ့ရသည်-

**၂၀၀၁ ခုနှစ် နှစ် ၃၀ လျှပ်စစ်မဟာဗျူဟာအရ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅- ၂၀၁၆ ခုနှစ်အတွင်း ပြီးစီးရန်လျာထားသည့် ဓာတ်အားပေးစက်ရုံ စီမံကိန်းများ**

| စဉ် | စက်ရုံ/အမျိုးအစား | ပြည်နယ်/တိုင်းဒေသကြီး | လျာထားတပ်ဆင်အင်အား(မဂ္ဂါဝပ်) |
|---|---|---|---|
| ၁ | ဟတ်ကြီး(ဒု-အဆင့်)(ရေအား) | ကရင် | ၃၀၀ |
| ၂ | ရွှေစာရေး(ရေအား) | စစ်ကိုင်း | ၆၀၀ |
| ၃ | တနင်္သာရီ(ရေအား) | တနင်္သာရီ | ၆၀၀ |
| ၄ | ထမံသီ(ရေအား) | စစ်ကိုင်း | ၁၂၀၀ |
| | **စုစုပေါင်း** | | **၂၇၀၀** |

ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်းပင် ဤကာလအတွက် လျာထားခဲ့သော စီမံကိန်းများအနက် ရွှေစာရေးနှင့် တနင်္သာရီစီမံကိန်းနှစ်ခုမှာ ၂၀၂၁ ခုနှစ်အထိ လုပ်ငန်းမစနိုင်သေးသလို ဟတ်ကြီးမှာ စူးစမ်းလေ့လာဆဲဖြစ်ပြီး ထမံသီစီမံကိန်းမှာမူ စူးစမ်းလေ့လာမှုအစီရင်ခံစာပြီးစီးသည်အထိ ရောက်ရှိခဲ့သည်။

စတုတ္ထငါးနှစ် (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ခုနှစ်)အတွင်း ပြီးစီးရန် လျာထားချက်များကို အောက်ပါအတိုင်းတွေ့ရသည်-

**၂၀၀၁ ခုနှစ် နှစ် ၃၀ လျှပ်စစ်မဟာဗျူဟာအရ ၂၀၁၆-၂၀၁၇ မှ ၂၀၂၀- ၂၀၂၁ ခုနှစ်အတွင်း ပြီးစီးရန်လျာထားသည့် ဓာတ်အားပေးစက်ရုံ စီမံကိန်းများ**

| စဉ် | စက်ရုံ/အမျိုးအစား | ပြည်နယ်/တိုင်းဒေသကြီး | လျာထားတပ်ဆင်အင်အား(မဂ္ဂါဝပ်) |
|---|---|---|---|
| ၁ | ပြောင်ရှို(ရေအား) | ရှမ်း(မြောက်) | ၆၀ |
| ၂ | နန်ချို(ရေအား) | မန္တလေး | ၁၅၂ |
| ၃ | နမ့်လန်(ရေအား) | ရှမ်း(မြောက်) | ၁၆၀ |
| ၄ | ဟူမွလင်း(ရေအား) | စစ်ကိုင်း | ၁၅၀ |
| ၅ | မော်လိုက်(ရေအား) | စစ်ကိုင်း | ၄၀၀ |
| | **စုစုပေါင်း** | | **၉၂၂** |

ဤစတုတ္ထငါးနှစ် စီမံကိန်းကာလအတွင်း လျာထားခဲ့သော စီမံကိန်းများအနက် နန်ချိုရေအားလျှပ်စစ်စက်ရုံ တစ်ရုံသာ ၄၀ မဂ္ဂါဝပ်တပ်ဆင်အင်အားဖြင့် ၂၀၁၅ ခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ကျန်ရှိနေသောစီမံကိန်းများမှာ ၂၀၂၁ ခုနှစ်အထိ စတင်အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးသော စီမံကိန်းများဖြစ်သည်။

ပဥ္စမငါးနှစ်(၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ခုနှစ်)အတွင်း ပြီးစီးရန် လျာထားချက်များကို အောက်ပါအတိုင်း တွေ့ရသည်-

**၂၀၀၁ ခုနှစ် နှစ် ၃၀ လျှပ်စစ်မဟာဗျူဟာအရ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅- ၂၀၂၆ ခုနှစ်အတွင်းပြီးစီးရန်လျာထားသည့် ဓာတ်အားပေးစက်ရုံ စီမံကိန်းများ**

| စဉ် | စက်ရုံ/အမျိုးအစား | ပြည်နယ်/တိုင်းဒေသကြီး | လျာထားတပ်ဆင်အင်အား(မဂ္ဂါဝပ်) |
|---|---|---|---|
| ၁ | သပိတ်ကျင်း(ဧရာဝတီ)(ရေအား) | မန္တလေး | ၁၈၀၀ |
| ၂ | နန့်ကုတ်(ရေအား) | ရှမ်း(အရှေ့) | ၅၅ |
| ၃ | ရွာသစ်(သံလွင်)(ရေအား) | ကယား | ၃၅၀၀ |
| | **စုစုပေါင်း** | | **၅၃၅၅** |

ဖော်ပြခဲ့သောစီမံကိန်းများအနက် နန့်ကုတ်နှင့် ရွာသစ်စီမံကိန်းနှစ်ခုအတွက် စူးစမ်းလေ့လာမှုအဆင့်အထိ ပြီးစီးခဲ့သော်လည်း သပိတ်ကျင်း(ဧရာဝတီ)(ရေအား)မှာမူ ၂၀၂၁ ခုနှစ်အထိ မစနိုင်သေးပါ။

ဆက်လက်၍ ဆဋ္ဌမငါးနှစ်(၂၀၂၆-၂၀၂၇ မှ ၂၀၃၀-၂၀၃၁ ခုနှစ်) အတွင်း ပြီးစီးရန်လျာထားချက်များကို အောက်ပါအတိုင်း တွေ့ရသည်-

**၂၀၀၁ ခုနှစ် နှစ် ၃၀ လျှပ်စစ်မဟာဗျူဟာအရ ၂၀၂၆-၂၀၂၇ မှ ၂၀၃၀- ၂၀၃၁ ခုနှစ်အတွင်း ပြီးစီးရန်လျာထားသည့် ဓာတ်အားပေးစက်ရုံ စီမံကိန်းများ**

| စဉ် | စက်ရုံ/အမျိုးအစား | ပြည်နယ်/တိုင်းဒေသကြီး | လျာထားတပ်ဆင်အင်အား(မဂ္ဂါဝပ်) |
|---|---|---|---|
| ၁ | သံလွင်(ဖာပွန်-မီကောင်း)(ရေအား) | ကရင် | ၆၀၀၀ |
| ၂ | နမ့်ပွန်(ပွန်ချောင်း)(ရေအား) | ကယား | ၁၇၀ |
| ၃ | ယွန်းဇလင်း(ရေအား) | ကရင် | ၁၁၀ |
| | **စုစုပေါင်း** | | **၆၂၈၀** |

ဖော်ပြခဲ့သော ဆဋ္ဌမငါးနှစ်စီမံကိန်းကာလအတွင်း ဆောင်ရွက်ရန် လျာထားခဲ့သော ဓာတ်အားပေးစက်ရုံလုပ်ငန်းများအားလုံးမှာ ၂၀၂၁ ခုနှစ်အထိ အသေးစိတ်လေ့လာမှုပင်မပြုလုပ်နိုင်သေးသော စီမံကိန်းများအဖြစ် ကျန်ရှိနေသည်။

အဆိုပါ ၂၀၀၁ ခုနှစ် နှစ် ၃၀ လျှပ်စစ်မဟာဗျူဟာကို လေ့လာပါက ပြည်တွင်းတွင်ရှိပြီးဖြစ်သည့် နှစ်စဉ်ပြန်လည်ပြည့်ဖြိုးမြဲ ရေအရင်းအမြစ်ကိုအားပြု၍ ဓာတ်အားပေးစက်ရုံများ ဦးစားပေးတည်ဆောက်ရန် လျာထားခဲ့ကြောင်း တွေ့ရှိရသည်။

ဤမဟာဗျူဟာကို အကောင်အထည်ဖော်ရန် ငွေကြေးအင်အား၊ ပညာရှင်အင်အား၊ ဒေသငြိမ်းချမ်းရေးအခြေအနေအားလုံး ပြည့်စုံမှသာ ပြီးစီးနိုင်မည်ဖြစ်သည်။

သို့သော် တပ်မတော်တာဝန်ယူခဲ့သည့်ကာလ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှ ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက် အတွင်းတွင် ပြည်တွင်းခွန်အားသက်သက်ဖြင့်သာ ဦးစားပေး၍ ဆောင်ရွက်ခဲ့ရသည့်အတွက် လျာထားချက်များမပြည့်မီသော်လည်း အားရဖွယ်အဆင့်အထိ စွမ်းဆောင်နိုင်ခဲ့သည်ကို တွေ့ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဘိုကလေး၊ စိုက်ပျိုးရေး

## မိုးစပါးစိုက်ပျိုးရာသီတွင် ကြဲခင်းစနစ်လျှော့နည်းစေရေး Drum Seeder ဖြင့် မျိုးစေ့ချပွဲနှင့် စပါးအထွက်နှုန်းတိုးစေရေး တောင်သူများနှင့်တွေ့ဆုံ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးရာသီတွင် ကြဲခင်းစနစ် လျှော့နည်းစေရေး Drum Seeder ဖြင့် မျိုးစေ့ချပွဲနှင့် စပါးအထွက်နှုန်းတိုးစေရေး တောင်သူများနှင့်တွေ့ဆုံပွဲကို ဇူလိုင်လ ၆ ရက်က ဘိုကလေးမြို့နယ် ဟိုင်းစီကျေးရွာအုပ်စု ဖိုးရွှေလုံးကျေးရွာရှိ တောင်သူဦးသန့်ဇင်၏လယ်ယာမြေ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဘိုကလေးမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်း၊ တာဝန်ရှိသူများနှင့်ဒေသခံတောင်သူများက ယခင်သမားရိုးကျကြဲခင်းစနစ်ဖြင့် မျိုးစေ့ချမှုအစား Drum Seeder အသုံးပြု၍ လယ်ယာမြေနှစ်ဧက၌ မော်ဘီ(၃) မျိုးစေ့ချမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဟိုင်းစီကျေးရွာရှိ ချမ်းမြေ့သာယာသုရိယဘုန်းတော်ကြီးကျောင်းတိုက်၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ ဘိုကလေးမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းက Drum Seeder ဖြင့် စိုက်ပျိုးခြင်းက စပါးအထွက်နှုန်းပို၍တိုးသောကြောင့် စိုက်ပျိုးရန်ပြောကြားကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



ညောင်ဦး၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး

# ညောင်ဦးမြို့နယ်၌ ပြည်သူများ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာနိုင်ရန် သတိပေးနှိုးဆော်



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုစသည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရန်နှင့် လိုအပ်သော ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဇူလိုင်လ ၇ ရက်တွင် ညောင်ဦးခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် ရေဝင်ရောက်နိုင်သည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ သွားရောက်ပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ညောင်ဦးမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်ရှိ ရပ်ကွက်/ကျေးရွာများအတွင်း မြစ်ရေဝင်ရောက်မှုများ ဖြစ်ပွားလာပါက အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်ရေး သတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပြည်သူများအနေဖြင့် ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန အရေးပေါ် ဖုန်း- ၁၉၁ နှင့် ဖုန်း- ၀၆၁-၂၄၆၀၁၉၁ သို့ ဆက်သွယ်အကူအညီရယူနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ပွင့်ဖြူ၊ ကျေးလက်ဖွံ့ဖြိုးရေး

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းကို ဇူလိုင်လ ၆ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေးမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်းပြီး လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သင်တန်းသား၊ သင်တန်းသူများအား ရန်ပုံငွေစီမံခန့်ခွဲမှုစနစ်များနှင့် ငွေစာရင်းထိန်းသိမ်းနည်းဆိုင်ရာများကို သင်ကြားပေးကြသည်။

အဆိုပါမြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ပွင့်ဖြူမြို့နယ် ဘုရားကုန်းကျေးရွာနှင့် ရွာသာယာကျေးရွာတို့မှ ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီဝင် ၁၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

ရန်ကုန်၊ ကျေးလက်ဖွံ့ဖြိုးရေး


# ထန်းတပင်မြို့နယ် အတွင်းရေကျော်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင်လ ၇ ရက်တွင် အတွင်းရေကျော်ကျေးရွာအုပ်စု အတွင်းရေကျော်ကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းဦးကြည်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် အတွင်းရေကျော်ကျေးရွာ၌ နိုင်ငံတော်ခွင့်ပြုငွေ ငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက်ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**




ဓော်လမြိုင်၊ စိုက်ပျိုးရေး

# ယခုဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အတွင်း ဆီထွက်သီးနှံ ဧက ၅၀၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးမည်

မွန်ပြည်နယ်အတွင်း ယခုဘဏ္ဍာနှစ်တွင် ဆီထွက်သီးနှံ ဧက ၅၀၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်က မွန်ပြည်နယ်အတွင်း မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံသုံးမျိုးကို စုစုပေါင်းစိုက်ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ဧက ၅၀၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြီးခဲ့သည့်ဘဏ္ဍာနှစ်က မွန်ပြည်နယ်၏ စားသုံးဆီဖူလုံမှုသည် ၁၇ ဒသမ ၈၁ ရာခိုင်နှုန်းခန့်ရှိပြီး ယခုဘဏ္ဍာနှစ်တွင် စားသုံးဆီဖူလုံမှုကို ၃၅ ရာခိုင်နှုန်းကျော် အထိ တိုးမြှင့်လာစေရန် ရည်မှန်းထားကြောင်း သိရသည်။

"မွန်ပြည်နယ်မှာ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံသုံးမျိုးကို အဓိကထားစိုက်ပျိုးခဲ့ပါတယ်။ မြေပဲ ၂၀၀၄၈ ဧက၊ နှမ်းဧက ၂၁၀၀ ကျော်နဲ့ နေကြာဧက ၁၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားသုံးဆီဖူလုံမှုအနေနဲ့ ၁၇ ဒသမ ၈၁ ရာခိုင်နှုန်းလောက် ရှိခဲ့ပါတယ်။ ဒီဘဏ္ဍာနှစ်မှာတော့ မွန်ပြည်နယ်ရဲ့ စားသုံးဆီဖူလုံမှုကို ၃၅ ရာခိုင်နှုန်းကျော် အထိ တိုးမြှင့်လာအောင် ရည်မှန်းထားတဲ့အတွက် ဆီထွက်သီးနှံ စိုက်ဧကတွေကိုလည်း တိုးချဲ့စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ဒီဘဏ္ဍာနှစ်အတွင်း မွန်ပြည်နယ်တစ်ခုလုံးမှာ မြေပဲ ဧက ၃၀၀၀၀၊ နေကြာဧက ၂၀၀၀၀ နဲ့ နှမ်းကိုတော့ ဧက ၂၁၀၀ ကျော် စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမိုးအောင်ကပြောသည်။

ယခုဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အတွင်း ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရာ၌ မိုးသီးနှံထက် ဆောင်းသီးနှံများကို အဓိကထား တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ တိုးချဲ့စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းသော ဆီထွက်သီးနှံများအစားထိုးစိုက်ပျိုးနိုင်စေရေး တောင်သူများအား မျိုးများဖြန့်ဝေပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် နေကြာတိုးချဲ့စိုက်ပျိုးရာတွင် သွင်းအားစုတစ်မျိုးဖြစ်သော ယူရီးယားဓာတ်မြေဩဇာကို အနည်းဆုံး တစ်ဧကလျှင် တစ်အိတ်နှုန်း ဖြန့်ဝေပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

နေပြည်တော်  ဇူလိုင်  ၇

# မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ရှိ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့်အတူ ဇူလိုင်လ ၅ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ အနီးစခန်းလေဆိပ်သို့ ရောက်ရှိရာ လေယာဉ်ကွင်းအဆင့်မြှင့်တင်ရေး လေ့လာဆန်းစစ်မှုအခြေအနေများကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင်လ ၆ ရက် နံနက်ပိုင်းက မြန်မာ့မီးရထား မန္တလေးဘူတာကြီးသို့ရောက်ရှိကြရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရထားသွားလာရေးလုပ်ငန်းများ၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းအခြေအနေများကို တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မန္တလေးဘူတာကြီးယာဒ်ဝင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဘူတာကြီး၌ တပ်ဆင်ထားသော လုံခြုံရေးစနစ်ကို အချိန်ပြည့်ထိရောက်စွာ စောင့်ကြည့်ထိန်းချုပ်မှုရရှိနိုင်ရေးအတွက် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း ကိုင်တွယ်၊ ထိန်းချုပ်မှုကို ဆောင်ရွက်ရေး၊ မြန်မာ့မီးရထားနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့ ညှိနှိုင်း၍ ရထားဖြင့် ချောစာပို့လုပ်ငန်း ပိုမိုထိရောက်စွာပို့ဆောင်ရေး၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စများကို အထူးဂရုပြုဆောင်ရွက်ပေးရေးလိုအပ်ချက်များကို မှာကြားကာ ဘူတာယာဒ်ဝင်းအတွင်း ပလက်ဖောင်းအမြင့် မြှင့်တင်ခြင်းကိစ္စ၊ တွဲပြင်ရုံနှင့် ပါဆယ်ရုံတို့၌ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်း၌ မန္တလေးမြို့တွင် အခြေစိုက်၍ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ တာဝန်ခံအရာရှိများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းကောင်းများပီသစွာ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရေး၊ ဌာနအလိုက် ရုံးများ၊ အိမ်ရာများ၌ ဝန်ထမ်းများနှင့် မိသားစုများ၏ လိုအပ်ချက်များကိုသိရှိအောင် အစဉ်အမြဲစစ်ဆေး၍ ဖြည့်ဆည်းပေးနိုင်ရေး၊ လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာအောင် လေ့ကျင့်ပေးရေးတို့ကိုမှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြစ်ငယ်ရှိ မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအမှတ်(၃) လုပ်ငန်းခွင်နေရာ၌ စက်ရုံဝန်ထမ်းများနှင့် အတူတကွ နေ့လယ်စာကို သုံးဆောင်သည်။



ဆက်လက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းများပီသစွာ မိမိဌာန၏ လုပ်ငန်းရည်မှန်းချက်များ ပြည့်မီစွာ အကောင်အထည်ဖော်စွမ်းဆောင်နိုင်ရေး၊ စာကြည့်တိုက်များ၌ လုပ်ငန်းနှင့်သက်ဆိုင်သည့် ဘာသာရပ်စာအုပ်စာပေများကို ထားရှိစီစဉ်ပေးပြီး ဝန်ထမ်းများ ဖတ်ရှုလေ့လာ၊ အသိပညာဗဟုသုတတိုးပွားစေရေး၊ ဝန်ထမ်းအိမ်ရာများ သန့်ရှင်းပြီး စနစ်တကျရှိစေရန် စစ်ဆေး၍ လိုအပ်သည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးရေးတို့ကို မှာကြားကာ စက်ရုံဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် စက်ရုံမှူး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားပြီး စက်ရုံအတွင်း လူစီးတွဲများ မွမ်းမံပြင်ဆင်မှု၊ ကုန်သေတ္တာတင်ကွန်တိန်နာတွဲများ တည်ဆောက်ပြီးစီးမှု လုပ်ငန်းခွင်များသို့ လှည့်လည်ကြည့်ရှုကာ တွဲတည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည့် ပစ္စည်းအမျိုးအမည်များ စုံလင်စွာ ဝယ်ယူစုဆောင်းရရှိနိုင်ရေး မှာကြားသည်။

ယင်းနောက် မြစ်ငယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသနေသည့် ဝန်ထမ်းလူနာများကို နှုတ်ဆက်အားပေး၍ စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်ပြီး ဆေးရုံသုံးပစ္စည်းများရရှိမှု၊ အသုံးပြုနိုင်မှုအခြေအနေများကို စစ်ဆေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် မန္တလေးဘူတာကြီးမှ RBE ရထားဖြင့် စီးနင်းလိုက်ပါပြီး မန္တလေး-သာစည်မှတစ်ဆင့် မိတ္ထီလာဘူတာအထိ ရထားလမ်းပိုင်း၏ သံလမ်း၊ တာပေါင်များနှင့် တံတားများကြံ့ခိုင်မှုအခြေအနေ၊ ဘူတာများသန့်ရှင်းမှုနှင့် စနစ်တကျရှိမှု၊ ရထားလမ်းနှင့် ကားလမ်းကူးနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကာ ရထားအမြန်နှုန်းမြှင့်တင်နိုင်ရေးအတွက် လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော်  ဇူလိုင်  ၇

# လက်ဆွဲအစေ့ချကိရိယာ(Seeder)ဖြင့် မိုးစပါးစိုက်ပျိုးနေမှု၊ ကောက်ရိုးမြေသြဇာနှင့် တီကောင်မွေးမြူရေးကန်မှ တီကျစ်စာမြေသြဇာထုတ်လုပ်မှုတို့ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် ပျံချီကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာသို့ ရောက်ရှိပြီး ကျေးရွာအုပ်စုများမှ တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စပါးနှင့် အခြားသီးနှံများစိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်းမြင့်မားပြီး တောင်သူများ ဝင်ငွေမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲခြင်း၊ မျိုးကောင်းမျိုးသန့်များသုံးစွဲခြင်း၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သတ်မှတ်သွင်းအားစုများလုံလုံလောက်လောက်ထည့်သွင်းပေးခြင်းနှင့် ရိတ်သိမ်းရာတွင် အလေအလွင့်အနည်းဆုံးဖြစ်အောင် ရိတ်သိမ်းနိုင်ရေးအတွက် စက်ကိရိယာများ တွင်ကျယ်စွာအသုံးပြုနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအသိပညာပေးစင်တာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရှင်များက အသိပညာပေးဆွေးနွေးမှုများ မပြတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ခေတ်နှင့်အညီ ခေတ်မီနည်းပညာများကို အသုံးပြုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တောင်သူများနှင့်အတူ ပျံချီကျေးရွာ ကွင်းအမှတ်(၁၇၃၈) တောင်သူ ဦးညွန့်မောင်၏ လယ်မြေတွင် လက်ဆွဲအစေ့ချကိရိယာ (Seeder)ဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး လယ်ဝေးမြို့နယ် ထိန်အင်းကျေးရွာအနီးရှိ ထိန်အင်းကန်အတွင်း ရေဝင်ရောက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု အဆင့်မြင့် လယ်ယာမြေဧက ၂၀၀ ရှင်းလင်းဆောင်အနီး ကွင်းအမှတ် (၁၈၂၇) တောင်သူ ဦးတင်ငွေ၏လယ်မြေ၌ စပါးရိတ်သိမ်းပြီး ကျန်ရှိသည့်ရိုးပြတ်များနှင့် ကောက်ရိုးများကို မီးမရှို့ဘဲ နှစ်ပတ်အတွင်း ဆွေးမြည့်သွားပြီး သဘာဝမြေသြဇာအဖြစ်ပြုလုပ်ပုံကို တောင်သူများနှင့်အတူ ကြည့်ရှုအားပေးကာ တောင်သူများပူးပေါင်းပါဝင်သည့် တီကောင်မွေးမြူရေးကန်အတွင်း တီကျစ်စာမြေသြဇာပြုနေမှုကို ကြည့်ရှုသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဌာနဆိုင်ရာများ၊ တောင်သူများနှင့် တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မိုးစပါးစိုက်ပျိုးရာတွင် အခြောက်မျိုးစေ့ချကိရိယာများ၊ လက်ဆွဲမျိုးစေ့ချကိရိယာများ၊ ကောက်စိုက်စက်များ စက်စွမ်းအားပြည့်ဖြင့် လယ်ယာမြေများတွင် စိုက်ပျိုးပေးနိုင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ မျိုးကောင်းမျိုးသန့်များအသုံးပြုနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မြစ်ကြီးနား ဇူလိုင် ၇

# မြစ်ကြီးနားမြို့ရှိ ဝန်ကြီးဌာန ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တွေ့ဆုံပြီး မြစ်ကြီးနားမြို့ အမှတ်(၁)မူလတန်းကြိုကျောင်း ကြည့်ရှုစစ်ဆေး




မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရေဘေးအန္တရာယ်တွေ့ကြုံခံစားခဲ့ရမှု၊ ပြည်နယ်အစိုးရက ဆောင်ရွက်နေသော ရေဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု၊ ဝန်ထမ်းများ၏ နေရေးထိုင်ရေးနှင့် တာဝန်ထမ်းဆောင်မှုအခြေအနေများကိုမေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ငါးသေတ္တာဘူး ၂၀၀ နှင့် ထောက်ပံ့ငွေကျပ် ၁၈၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ မူလတန်းကြိုကျောင်းအမှတ်(၁)သို့ သွားရောက်ပြီး ကလေးများအတွက် သင်ထောက်ကူပစ္စည်းများထားရှိမှု၊ စာသင်ဆောင်များ၊ စားသောက်ခန်းများ၊ မီးဖိုဆောင်နှင့်ကစားကွင်းများကိုကြည့်ရှုကာ အသက် ၃ နှစ်မှ ၅ နှစ်အရွယ် မူကြိုကလေးငယ်များ ငယ်စဉ်ကပင် ဗလငါးတန်ဖွံ့ဖြိုးရေး၊ စည်းကမ်းလိုက်နာတတ်ရေး၊ ဘက်စုံကျန်းမာရေးတို့အတွက် စနစ်တကျ လေ့ကျင့်သင်ကြားပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဇူလိုင် ၇

# မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၏ လယ်ယာကုန်ထုတ်စွမ်းအား တိုးတက်ရေး ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ကွင်းဆင်းဆောင်ရွက်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ဇူလိုင်လ ၅ ရက်က ညောင်ဦးမြို့နယ် ဆီထွက်အထူးဇုန်တွင် ညောင်ဦးမြို့နယ်က တီထွင်ထုတ်လုပ်သည့်ထွန်စက်ဆွဲမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော ပင်ပြန့်မြေပဲစိုက်ခင်းကို ကွင်းဆင်းကြည့်ရှုလေ့လာပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တစ်ဧကတွင်ရှိရမည့် အပင်ဦးရေပြည့်မီရေးနှင့် တောင်သူဗဟိုပြု စိုက်ပျိုးရေးစနစ်ဖော်ဆောင်နိုင်ရေး၊ အပူပိုင်းဒေသအထွက်နှုန်းတိုးတက်ရေးအတွက် ကွက်လပ်မရှိ စိုက်ပျိုးရန်နှင့် စိုက်သည့်အကွက်တိုင်းကောင်းမွန်အောင်စိုက်ပျိုးကြရန် ဆွေးနွေးပြောကြားကာ တောင်သူများ၏တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ခြံအား ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးဦးစီးဌာန ခြံတာဝန်ခံက သရက်၊ စပျစ်၊ မာလကာမျိုးများ စိုက်ပျိုးထားရှိမှုနှင့် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမည့်သီးနှံအမယ်သစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သရက်မျိုးများ စုဆောင်းထိန်းသိမ်းခြင်းနှင့် အကြမ်းခံသရက်မျိုးများကို အောက်ခံပင်အဖြစ် အသုံးပြုခြင်းဖြင့် စားသုံးမှုအပေါ် သက်ရောက်ခြင်း၊ တစ်နှစ်အတွင်း သရက်မျိုးအလိုက် အသီးဆွတ်ခူးချိန်နှင့် ဈေးကွက်ဆိုင်ရာ ပြက္ခဒိန်ထားရှိဆောင်ရွက်ရန်၊ စပျစ်မျိုးများ စုဆောင်းထိန်းသိမ်းထားခြင်းနှင့် ကွဲပြားသည့် စပျစ်မျိုးသစ်များရရှိနိုင်ရေး၊ အပူပိုင်းဒေသထွက် ဈေးကွက်ဝင်သီးနှံနှင့် ဈေးကွက်မဝင်သေးသည့် သီးနှံမျိုးကွဲများကို စုဆောင်းထိန်းသိမ်းရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ကိုင်းကျေးရွာ တောင်သူ ဦးသာညွှ၏စိုက်ကွင်းတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နေကြာမျိုးစေ့ထုတ်စိုက်ခင်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မျိုးသန့်စင်ရေးနည်းလမ်းများနှင့်အထူးဂရုပြုဆောင်ရွက်ရမည့် ပန်းတိုင်အထွက်ရရှိရေးဆိုင်ရာ ဗဟုသုတများကို ဆွေးနွေးပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့နယ် မြောက်လယ်အုပ်စု အိုးအိုင်ကုန်းကျေးရွာရှိ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်အထူးဇုန်တွင် စိုက်ပျိုးထားရှိသည့် နှမ်းသီးနှံနှင့် ပဲစင်းငုံ သီးညှပ်စိုက်ခင်းအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးနိုင်သည့် မြေဧရိယာပြည့် ကွက်လပ်မရှိ စိုက်ပျိုးလုပ်ကိုင်နိုင်ရေး၊ သတ်မှတ်ထားသည့် အပင်ဦးရေပြည့်မီစွာ အပင်စေ့ကျင်းစေ့စိုက်ပျိုးရန် လိုအပ်ချက်များ၊ နှမ်းသိမ်းပြီးချိန်တွင် ပဲစင်းငုံစိုက်တန်းများအကြား မြေဖုံးသီးနှံအဖြစ် ပဲပိစပ်သီးနှံစိုက်ပျိုးခြင်းဖြင့် မြေအစိုဓာတ်ထိန်းသိမ်းနိုင်မှုတို့ကို အသိပညာပေးဆွေးနွေးပြောကြားပြီး တောင်သူများ၏လိုအပ်ချက်များ ကူညီပံ့ပိုးပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် မုန်တိုင်ဆည်၏ ဝင်ရေသိုလှောင်ထိန်းသိမ်းထားရှိမှု၊ တမံကြံ့ခိုင်မှုနှင့် ဆည်ရေသောက်ဧရိယာအတွင်း ရေပေးဝေနိုင်မှု၊ မိတ္ထီလာကန်အား ရေကူပေးသည့် ဆက်စပ်ရေလှောင်တမံများမှ ရေသွယ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဇူလိုင် ၇

# မြေပြင်ရှိပစ္စည်းများထားသိုမှုအခြေအနေများကို ဒုတိယဝန်ကြီး ဦးအေးကျော် ကြည့်ရှုစစ်ဆေး



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဇူလိုင်လ ၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းမန်နေဂျာရုံး(၁) (ရန်ကုန်) သို့ရောက်ရှိရာ စီမံကိန်းမန်နေဂျာက ၅၀၀ ကေဗွီ ဘုရားကြီး-လှိုင်သာယာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းဆောင်ရွက်နေမှုအခြေအနေ၊ ၂၃၀ ကေဗွီဓာတ်အားလိုင်းတည်ဆောက်နေမှုနှင့် ၂၃၀ ကေဗွီဓာတ်အားခွဲရုံများ၌ Switch Bay အသစ်တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာပစ္စည်းစီမံရေးဌာနတာဝန်ခံနှင့် တာဝန်ရှိသူများက ဂိုဒေါင်အလိုက်ပစ္စည်းများထိန်းသိမ်းထားသိုမှု/ထုတ်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဘတ်ဂျက်ပါ စီမံကိန်းလုပ်ငန်းများအတွက် ပစ္စည်းများအချိန်မီရောက်ရှိရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရန်၊ မဟာဓာတ်အားလိုင်းများ ကြံ့ခိုင်ထိန်းသိမ်းမှုကို ကြိုတင်ကာကွယ်ဆောင်ရွက်ထားရန်၊ လျှပ်စစ်စမ်းသပ်စစ်ဆေးရေးပစ္စည်းနှင့် ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ရေးပစ္စည်းများ စနစ်တကျသိမ်းဆည်းထားရှိရန်၊ ပစ္စည်းများ အလေအလွင့်မရှိအောင် ထားသိုထိန်းသိမ်း/သုံးစွဲသွားရန်၊ နှစ်စဉ်စီမံကိန်းလုပ်ငန်းများအရ လိုအပ်ချက်ကို လက်ကျန်စာရင်းများဖြင့်စိစစ်ပြီး စနစ်တကျဝယ်ယူဖြည့်တင်း၍ စိစစ်ထုတ်ယူသုံးစွဲခြင်းဖြင့် နိုင်ငံဘဏ္ဍာ ချွေတာရာရောက်ပါကြောင်း၊ ထို့ကြောင့် ပစ္စည်းများ ရရှိ/ ထုတ်ပေး/သုံးစွဲ/ လက်ကျန်စာရင်းများကို စနစ်တကျမှတ်တမ်းရေးသွင်းထားရှိကြရန် လိုအပ်ပါကြောင်း၊ အသုံးမလိုပိုလျှံပစ္စည်းများ၊ သက်တမ်းကျော်လွန်သုံးစွဲခဲ့သည့် ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရန်၊ မီးဘေးလုံခြုံရေးအတွက် ဂိုဒေါင်နှင့် ရုံးခန်းများတွင် မီးသတ်ဆေးဘူးများထားရှိရန်၊ နှစ်ချုပ်လက်ကျန်စာရင်းကောက်ယူမှုမှန်ကန်စေရေးဆောင်ရွက်ရန်၊ ထုတ်ယူသုံးစွဲထားသောပစ္စည်းများအား အချိန်မီ စာရင်းဖြောင့်ရှင်းလင်းရန်နှင့် အခြားလိုအပ်သည်များမှာကြားကာ မြေပြင်ရှိပစ္စည်းများ ထားသိုမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅° C | / | ၃၃.၀° C |
| ရန်ကုန် | ၂၃° C | / | ၃၂.၅° C |
| မန္တလေး | ၂၆° C | / | ၃၈.၀° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အပိုးတန်ရေချိုကို ချွေတာကြပါစို့

# ခြေထောက်ရေစိုလျှင် လေဖြတ်နိုင်ပါသည်

**"ခြေထောက်ရေစိုနှင့် လေဖြတ်ဝေဒနာခံစားရသူလူကြီးများမှာ နဂိုကလည်း သွေးတိုးရောဂါအခံရှိသူများဖြစ်သည်။ တချို့လူကြီးများမှာ မိမိကိုယ်မိမိ သွေးတိုးရောဂါရှိမှန်းမသိ၊ သွေးပေါင်လည်း မချိန်ဖူးကြပါ။ လေဖြတ်ပြီး ဆေးရုံဆေးခန်းလာပြ၍ ချိန်ကြည့်သောအခါမှ သွေးပေါင်ချိန် အလွန်အမင်းတက်နေသည်ကို တွေ့ရလေ့ရှိသည်…"**

ယခုရက်ပိုင်းအတွင်း လေဖြတ်ဝေဒနာဖြစ်ပွားသူအတော်များများကိုကြည့်လျှင် မြို့သစ်အနိမ့်ပိုင်းရေဝပ်သောရပ်ကွက်များ၌ နေထိုင်သူများ၊ အသက် ၆၀ ကျော် လူကြီးပိုင်းများဖြစ်သည်ကို တွေ့ရသည်။ အမျိုးသမီးများတွင် အသက် ၄၀ ကျော် လူလတ်ပိုင်းအရွယ်များပါ လေဖြတ်ဝေဒနာခံစားရသည်ကို တွေ့ရသည်။ အထူးသဖြင့် ခြေထောက်ရေစိုနှင့် စျေးတောင်းခေါင်းရွက်ပြီး တစ်နေကုန်လှည့်လည်သွားလာနေသူများတွင် ဖြစ်လေ့ရှိသည်ကို တွေ့ရသည်။

ခြေထောက်ရေစိုနှင့် လေဖြတ်ဝေဒနာခံစားရသူလူကြီးများမှာ နဂိုကလည်း သွေးတိုးရောဂါအခံရှိသူများဖြစ်သည်။ တချို့လူကြီးများမှာ မိမိကိုယ်မိမိ သွေးတိုးရောဂါရှိမှန်းမသိ၊ သွေးပေါင်လည်း မချိန်ဖူးကြပါ။ လေဖြတ်ပြီး ဆေးရုံဆေးခန်းလာပြ၍ ချိန်ကြည့်သောအခါမှ သွေးပေါင်ချိန် အလွန်အမင်းတက်နေသည်ကို တွေ့ရလေ့ရှိသည်။

ခြေအေးဝမ်းရောင် ရှေးလူကြီးများဆိုစကားရှိသည်။ အဓိပ္ပာယ်မှာ ခြေထောက်ရေတစိုစိုနှင့် အနေကြာသောအခါ ခြေထောက်မှ အအေးဓာတ် (သီတဝါယော)သည် တဖြည်းဖြည်း ဝမ်းဗိုက်နှင့်အစာအိမ်အထိရောက်ရှိပြီး ဝမ်းဗိုက်ကို အနှောင့်အယှက်ပေးလေသည်။ သီတဝါယောဓာတ်ကြောင့် ဝမ်းမီးငြိမ်းပြီး အစာမကြေဖြစ်ရလေသည်။ အစာမကြေဖြစ်ရခြင်း၏ နောက်ဆက်တွဲမှာ ရောဂါဝေဒနာအမျိုးမျိုးဖြစ်နိုင်သည်။**"ရောဂါမှန်သမျှ အစာမကြေခြင်းကစသည်"**ဟု ဆေးပညာဥပဒေသကဆိုသဖြင့် သွေးတိုးလည်းဖြစ်နိုင်သည်။ လေငန်းလည်းဖြစ်နိုင်သည်။ အစာမကြေခြင်းကြောင့် ခေါင်းကိုက်ရောဂါလည်းဖြစ်နိုင်သည်။ စားသောအစာမကြေသဖြင့် နောက်တစ်ရက်တွင် ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်းများလည်းဆက်၍ဖြစ်နိုင်ပေသည်။ ဝမ်းချုပ်ရောဂါမှန်သမျှသည် အစာမကြေခြင်း၏ နောက်ဆက်တွဲဆိုးကျိုးဖြစ်သည်။

ဇိမ်ကျကျနေ၍ အစားအသောက်ကောင်းများစားပြီး သွေးတွင်းအဆီဓာတ်များတက်ကာ နှလုံးသွေးကြောရောဂါများဝင်လာသူများတွင်သာ လေဖြတ်ရောဂါဖြစ်သည်ဟုထင်မြင်နေလျှင် မှားယွင်းသောထင်မြင်ချက်ဖြစ်သည်။ လေဖြတ်ရောဂါဝေဒနာသည် အသက်အရွယ်၊ မျိုးရိုးလိုက်ခြင်းတို့နှင့် ဆိုင်သည်ဟုဆိုသော်လည်း အနေအထိုင်၊ အစားအသောက်မှားယွင်းမှုကြောင့်လည်း ရုတ်တရက်ဖြစ်ပွားတတ်သော ဝေဒနာမျိုးဖြစ်သည်။ အထူးသဖြင့် အအေးပတ်ခြင်းကြောင့် လေဖြတ်သူအတော်များများရှိသည်ကို လေ့လာတွေ့ရှိရသည်။

လေဖြတ်သူအတော်များများသည် အအေးကြိုက်သူများဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ ထို့ပြင် လေဖြတ်အများဆုံးရာသီမှာလည်း နွေအကုန်မိုးအကူးနှင့် မိုးအကုန် ဆောင်းအကူးရာသီများဖြစ်သည်။

မိုးဥတုတွင် မိုးရက်ဆက်ရွာသွန်း၍သော်လည်းကောင်း၊ မိုးရွာသောအခါ နေအိမ်ခြံဝင်းနှင့်လမ်းများပေါ်တွင် ရေဝပ်ကျန်ခြင်းကြောင့်သော်လည်းကောင်း၊ အလုပ်အကိုင်လုပ်ရင်း၊ သွားရင်းလာရင်း ခြေထောက်ရေစိုဖြင့် အလုပ်လုပ်ရသူများအတွက် အကြံပြုလိုသည်မှာ ခြေထောက်ရေစိုချိန်ကြာလျှင် ဂရုစိုက်ပါ။ ရေနှင့်လွတ်သောနေရာသို့ရောက်သောအခါ ခြေထောက်ကို အပူထွက်စေရန် ရေလောင်းပေးပါက ဒူးအောက်ပိုင်းမှ အခိုးများထွက်လာပါလိမ့်မည်။ ထိုအခါ ခြေထောက်ကို အဝတ်ခြောက်ဖြင့် ရေများပြောင်စင်အောင်သုတ်ပါ။ နွေးထွေးအောင်နေပါ။ အခိုးငုပ်ပြီး နှာချေလျှင် မတ်ခွက်ငယ်တွင် ချင်းသို့မဟုတ် ကွမ်းရွက်ကို ရေနွေးပူပူဖြင့်အုပ်ထားပြီး အတော်အသင့်ပူနေချိန်သောက်ပေးပါ။ လူကြီးများအနေဖြင့် ခြေထောက်ကို မုန်ညင်းဆီလိမ်းပေးလျှင် အအေးပတ်ပြီးလေဖြတ်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကြည်လွင်မြင့်(မုဒြာ)**

ကျောက်ဆည်၊ စိုက်ပျိုးရေး

## ကျောက်ဆည်မြို့နယ် အင်တိုင်းကျေးရွာ၌ နွေစပါး GW-11 မျိုး စံကွက်ရိတ်သိမ်းရာ စပါးအစို တင်း ၁၅၀ နှုန်းထွက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အင်တိုင်းကျေးရွာ ကွင်းအမှတ် (၁၄၉)၊ ဦးပိုင်အမှတ်(၁၀၃/၂) တောင်သူ ဦးအေးလွင်၏ နွေစပါး GW-11 မျိုး စံကွက်ရိတ်သိမ်းခြင်းအခမ်းအနားကို ဇူလိုင်လ ၇ ရက်တွင် ကျင်းပရာ တစ်ဧကလျှင် စပါးအစိုတင်း ၁၅၀ နှုန်း ထွက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ဆွေနှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ ဝန်ထမ်းများ၊ ဒေသခံတောင်သူများစုစုပေါင်း ၅၈ ဦးတက်ရောက်ကြသည်။

ကျောက်ဆည်မြို့နယ်၌ စပါးတစ်ဧကပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် စပါးများကို သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းဖြင့် ထွက်ရှိကြောင်းကို ကိုယ်တိုင်လေ့လာသိရှိနိုင်ရန် စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း ဆန်၊ စပါးဖူလုံရေးအတွက် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသနှင့်ကိုက်ညီသော စပါးမျိုးများဖြစ်သည့် GW-11 ၁၅၁ ဧက၊ ရွှေမနော် ၁၉၅၄ ဧက၊ မနောသုခ ၁၂၅ ဧက၊ ဆင်းသုခ ဧက ၈၀ စုစုပေါင်း ဧက ၂၃၁၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ ဆက်(ကျောက်ဆည်)**



မိုးနဲ၊ ပညာရေး

## မိုးနဲမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(ဆိုင်းဖယ်)၌ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ




ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(ဆိုင်းဖယ်)၌ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇူလိုင်လ ၆ ရက်က အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်မိုးဆွေတို့က အမှာစကားများပြောကြားကြကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းကြိမ်ခမ်းက ကျောင်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် လက်ရှိကျောင်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်က ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းတွင်းဉာဏပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

တောင်သာ၊ ကျေးလက်ဖွံ့ဖြိုးရေး

## မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် သပြေပင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင်လ ၆ ရက်က အဆိုပါကျေးရွာ၌ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အကျယ်တဝင့် မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံ ဒေါ်ပပဝင်းခိုင်နှင့်ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးကြသည်။

အဆိုပါသပြေပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် သိန်း ၂၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

လှိုင်းဘွဲ့၊ လူမှုရေး

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ (အထူးဒေသ)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင်လ ၆ ရက် မွန်းလွဲပိုင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ကြသည်။



လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောသော်တာလင်းသန့်က ကျောင်းသား၊ ကျောင်းသူလူငယ်လေးများအား လူ့စွမ်းအားအရင်းအမြစ်တိုးတက်မြင့်မားရေး၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ အသုံးချပညာများ၏အရေးပါမှုအခန်းကဏ္ဍများ၊ ကျောင်းမုန့်ဈေးဆိုင်တန်းများ၌ ပြည်ပမှဝင်ရောက်နေသောမုန့်များ၏ ဘေးထွက်ဆိုးကျိုးအန္တရာယ်များနှင့် လူမှောင်ခို၊ လူကုန်ကူးမှုအန္တရာယ်များအကြောင်းကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးစိုင်းရန်နောင်က ကျားမအခြေပြုအကြမ်းဖက်မှု (GBV) အကြောင်းသိမှတ်စရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ငွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေ၊ မူးယစ်ဆေးဝါးများဆိုင်ရာဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် ရုံးအဖွဲ့မှူး ဦးလင်းခိုင်တို့က မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ်များအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသပေးထားသော မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ်များနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ လူမှောင်ခို၊ လူကုန်ကူးမှုအန္တရာယ်များအတွက် ဆောင်ရန်၊ ရှောင်ရန်အကြောင်း သိမှတ်ဖွယ်ရာအသိပညာပေးနံရံကပ်စာစောင်နှင့်ဓာတ်ပုံများကို ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်းသိရသည်။

**စောဒီ(ပြန်/ဆက်)**

## ပညာသည်သာ ရတနာ

➢ သိပ္ပံဝိဇ္ဇာ၊ နှစ်ဖြာတတ်သိ
ပညာရှိမှ၊ ကောင်း၏ဆိုး၏
မှားမှန်သိ၍၊ ချိန်ညှိဆင်ခြင်
ကြောင်းကျိုးမြင်မည်
သင်ယူလေ့လာ နည်းဖြာဖြာ
ပညာသည်သာ ရတနာ။

➢ ပညာရွှေအိုး၊ မြတ်နိုးဖွယ်ရာ
ရတနာကား၊ သူငါခပင်း
ရောင်ဝါလင်း၍၊ ကောင်းခြင်းလီလီ
စွမ်းဆောင်ရည်ဖြင့်၊ ကြံစည်တွေးဆ
အောင်မြင်ရသည်
လောကကောင်းကျိုး သယ်ပိုးရာ
ပညာသည်သာ ရတနာ။

➢ ပညာအလင်း၊ အမှောင်ခွင်း၍
ကောင်းခြင်းဦးတည်၊ လောကဆီသို့
ထုံကြည်မွှေးကြိုင်၊ ရန့်လှိုင်၍
နိုင်ငံလူမျိုး၊ ဂုဏ်ရောင်တိုးဖို့
ကြိုးစားဖွေရှာ သင်ယူရာ
ပညာသည်သာ ရတနာ။ ။

**မောင်လေပြေ(တောင်တွင်း)**

ဂန့်ဂေါ၊ စိုက်ပျိုးရေး

# ဂန့်ဂေါမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရန်နှင့် ဒေသတွင်းအပူချိန်လျော့ကျကာ ဂေဟစနစ်တည်ငြိမ်လာစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ အခြေခံပညာမူလတန်းကျောင်း (မြို့မတောင်ပိုင်း) ကျောင်း၌ ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဂန့်ဂေါခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခေတ္တခရိုင်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးငွေစိုးက ပျိုးပင်များကိုပေးအပ်ရာ ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက လက်ခံရယူသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သပြေဘူတ ၁၈ ပင်၊ ကျွန်းပင် ၁၅ ပင်၊ ခရေ ၁၅ ပင်၊ ငုရွှေဝါ ၁၅ ပင်၊ ငုစပ် ၁၅ ပင်၊ အသောက ၁၂ ပင်၊ ပိတောက်ခြောက်ပင်၊ မန်ကျည်းငါးပင်၊ ပန်းတမာငါးပင်၊ မည်စည်လေးပင်၊ မြန်မာကုက္ကိုသုံးပင်၊ ရေတမာသုံးပင်၊ တမလန်းနှစ်ပင်၊ သင်းဝင်နှစ်ပင်၊ တမာ နှစ်ပင်၊ မဲဇလီ နှစ်ပင်တို့ကို တက်ရောက်လာကြသူများက စိုက်ပျိုးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

စေတုတ္တရာ၊ လူမှုရေး

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့များနှင့်အတူ တယ်ဇားကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ၊ မရှိအခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိအခြေအနေများကိုကြည့်ရှုစစ်ဆေးကြပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းကြရန် မှာကြားသည်။

စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အဌမအကြိမ်မြောက် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၃၁ ဦးကိုချေးငွေကျပ် ၁၅ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၄၈ ဦးကို ချေးငွေကျပ် ၃၂ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်သူ ကိုးဦးကို ချေးငွေကျပ် ၈ ဒသမ ၂ သန်း၊ ရေလုပ်ငန်းဆောင်ရွက်သူ တစ်ဦးကို ချေးငွေကျပ် သုည ဒသမ ၄ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဆောင်ရွက်သူ သုံးဦးကို ချေးငွေကျပ်တစ်သန်းတို့ကို အသင်းသူ ၉၂ ဦးအား ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

## ♫♫ သင်္ဂ (FM) အသံလွှင့်အစီအစဉ် ♫♫

၈-၇-၂၀၂၄(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈း၀၀ | ယဉ်ကျေးလိမ္မာဖို့နားဆင်စို့ | ၅။ ၁၇း၀၀ | သွေးချင်းတို့ဌာနေ |
| ၂။ ၁၀း၄၆ | Master Chef | ၆။ ၁၉း၃၀ | International Song |
| ၃။ ၁၃း၃၀ | Live For You | ၇။ ၂၁း၄၀ | အသံလွှင့်ဇာတ်လမ်း |
| ၄။ ၁၅း၀၀ | Fighting Music | ၈။ ၂၂း၂၀ | Good Night Listeners |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှလျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအားဥပဒေအရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

မြောင်းမြ၊ စိုက်ပျိုးရေး

# မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၆၅၇၃၈ ဧက လျာထားစိုက်ပျိုးမည်

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၆၅၇၃၈ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောဆိုချက်အရ သိရသည်။

အဆိုပါ မိုးစပါး ၁၆၅၇၃၈ ဧကကို ယခုနှစ် ဇူလိုင်လပထမပတ်တွင် စတင်စိုက်ပျိုးလျက်ရှိပြီး လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနမှလိုအပ်သည့် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ၁၆၅၇၃၈ ဧကအထိ လျာထားစိုက်ပျိုးမှာပါ။ မိုးစပါးတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ ဒါ့ပြင် ရွှေခရုနဲ့ပတ်သက်ပြီး တောင်သူပညာပေးလုပ်ငန်းတွေကိုလည်း ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ မိုးစပါးမျိုးကောင်းမျိုးသန့်တွေ ပိုမိုစိုက်ပျိုးလာနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက ကျေးရွာအုပ်စုအလိုက် နယ်လှည့်ပြီး အသိပညာပေးတာတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်” ဟု ဦးကျော်မိုးဝင်းကပြောသည်။



မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စပါးမျိုးစေ့များ အသုံးပြုမှုမှန်ကန်ရေး၊ ရွှေခရုဖျက်ဆီးမှုမရှိစေရေး၊ ရေနစ်မြုပ်မှုကြောင့် ပျက်စီးမှုမရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြောင်းမြမြို့နယ်၌ ယခုနှစ်တွင် ဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးရာတွင် စနစ်တကျနှင့် အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး၊ ရေဘေးကာကွယ်ရေးအတွက် တာပေါင်များမြှင့်တင်ခြင်း စသည့် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပေးနေကြောင်း သိရသည်။

**သုတကျော်**

ပွင့်ဖြူ၊ စိမ်းလန်းစိုပြည်ရေး

# ပွင့်ဖြူမြို့နယ်၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန် ရည်ရွယ်စိုက်ပျိုးသည့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၇ ရက်တွင် ပွင့်ဖြူမြို့နယ် ရွာသစ်ကလေးကျေးရွာအနီး ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမြေကွက်လပ်၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာမြင့်ဦးနှင့်ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် တက်ရောက်လာသူများက အရိပ်ရတမာပင် ၅၀၀ ကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သစ်တော၊ သစ်ပင်များ၏တန်ဖိုးကို သိရှိနားလည်နိုင်စေရေး၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး၊ ရာသီဥတုဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများရရှိစေရေးနှင့် အပူဒဏ်ကာကွယ်နိုင်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် နှစ်စဉ်မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

ဆိပ်ဖြူ၊ လူမှုရေး

# ဆိပ်ဖြူမြို့နယ်၌ ရေပြင်ကယ်ဆယ်ရေးလုပ်ငန်းများ လေ့ကျင့်ဆောင်ရွက်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မြို့နယ်မီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရေပြင်ကယ်ဆယ်ရေးလုပ်ငန်းများ လေ့ကျင့်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဧရာဝတီမြစ်နှင့် ယောချောင်းဆုံရပ်တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေပြင်ကယ်ဆယ်ရေးလုပ်ငန်းများ လေ့ကျင့်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဆိပ်ဖြူမြို့နယ် မြို့မမီးသတ်စခန်းမှူး ဦးဖြိုးဝေအောင်ဦးဆောင်သည့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက လေ့ကျင့်ဆောင်ရွက်ကြခြင်းဖြစ်သည်။

အဆိုပါ ရေပြင်ကယ်ဆယ်ရေးလုပ်ငန်းများ လေ့ကျင့်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရေကြီးရေလျှံမှုဖြစ်ပွားသည့်အချိန်များတွင်ဖြစ်ပေါ်တတ်သည့် ဘေးအန္တရာယ်ဆိုင်ရာများကို အရေးပေါ်တုံ့ပြန်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့မှ ရော်ဘာလေသွင်းလှေ၊ Lifebuoy Boad များအသုံးပြု၍ ဧရာဝတီမြစ်အတွင်း အစုန်အဆန်ရေယာဉ်မောင်းနှင်ခြင်း၊ ရေနစ်သူအား ချဉ်းကပ်ကယ်ဆယ်ခြင်းနည်းလမ်းများကို လက်တွေ့လေ့ကျင့်ကြကြောင်း သိရသည်။

**ကိုစွဲ(အညာမြေ)**

ရန်ကုန်၊ လျှပ်စစ်ဓာတ်အား

# လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သဘောတူလက်မှတ်ရေးထိုး

လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် CAG Engineering Co.,Ltd. နှင့် ထိုင်းနိုင်ငံလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီများ သဘောတူလက်မှတ်ရေးထိုးခြင်းကို ဇူလိုင်လ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည်။

ယင်းသဘောတူလက်မှတ်ရေးထိုးပွဲတွင် ပြည်တွင်းပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် CAG Group of Companies ၏ လုပ်ငန်းတစ်ခုဖြစ်သော CAG Engineering Co.,Ltd. နှင့် ထိုင်းနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍမှ နည်းပညာကျွမ်းကျင်သည့် PEA Encom Co.,Ltd.၊ ipower Co.,Ltd.၊ R&J Co.,Ltd.၊ Mega Prime Group၊ Z Carbon စသည့်အဖွဲ့အစည်းများကြား လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

အဆိုပါ သဘောတူလက်မှတ်ရေးထိုးခြင်းသည် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်ပြီး နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်းများ၊ လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများ၊ မြေအပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများတွင် အတူတကွပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်သည်။

CAG Engineering Co.,Ltd. သည် မြန်မာနိုင်ငံ၌ စုစုပေါင်း ၂၁၀ မဂ္ဂါဝပ် တပ်ဆင်ပမာဏရှိသော ဆိုလာစွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းငါးခုတွင် အဓိကအကောင်အထည်ဖော်ဆောင်ရွက်သူအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် IPP Company တစ်ခုဖြစ်သည်။ အဆိုပါစီမံကိန်းငါးခုအနက် ၉၀ မဂ္ဂါဝပ်တပ်ဆင်ပမာဏရှိသည့် ပထမဆုံးစီမံကိန်းတစ်ခုကို နေပြည်တော်ကောင်စီနယ်မြေ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့၌ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကာ CAG Engineering Co.,Ltd. အနေဖြင့် မြန်မာနိုင်ငံအတွင်း စုစုပေါင်း ၄၀၀ မဂ္ဂါဝပ်အထိ တပ်ဆင်ပမာဏရှိသော ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို ငါးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း သိရသည်။

**ဝန်းရံခ**

နေပြည်တော် ဇူလိုင် ၇

# မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) (၁၄)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များအား ဂါရဝပြုကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)ကကျင်းပသည့် (၁၄)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များအား ဂါရဝပြုကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ Plenary Hall ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်နှင့် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကန်တော့ခံသက်ကြီးဟာသပညာရှင်များ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး (ဗဟို)မှ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဟာသပညာရှင်များ၊ အနုပညာနယ်ပယ်အသီးသီးမှ အနုပညာရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





ရှေးဦးစွာ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)မှ အဖွဲ့ဝင်များက အစည်းအရုံး၏ Theme Song ဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)ပေါ်ပေါက်လာပုံ မှတ်တမ်းဗီဒီယိုကို ပြသသည်။





ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အခမ်းအနားကျင်းပမှုနှင့်စပ်လျဉ်း၍ မုဒိတာစကားပြောကြားရာတွင် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)အနေဖြင့် သက်ကြီးဟာသပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့ခဲ့သည်မှာ ယခုဆိုရင် (၁၄)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများကို ပူဇော်ကန်တော့ခြင်းသည် ကောင်းမွန်သော မင်္ဂလာတရားတော်နှင့်အညီ ပြုလုပ်ကြသည့်အစဉ်အလာကောင်းတစ်ခုဖြစ်သည့်အတွက် သက်ကြီးဝါကြီးပူဇော်ကန်တော့ပွဲများကို မြန်မာ့ယဉ်ကျေးမှုအနေဖြင့် အစဉ်ထာဝရထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

ဟာသလူရွှင်တော်ကြီးများသည် မိမိတို့နိုင်ငံ၏ ဘာသာ၊ သာသနာနှင့် တိုင်းပြည်အကျိုးကို တတ်စွမ်းသရွေ့ ကျရာကဏ္ဍမှ ဟာသပညာဖြင့် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ကြီးဟာသပညာရှင်များအနေဖြင့်လည်း မိမိတတ်ကျွမ်းသည့် အသိပညာ၊ အတတ်ပညာများကို လူငယ်မျိုးဆက်သစ်များအား ဟာသပညာအပါအဝင် မြန်မာ့အနုသုခုမပညာရပ်များကို သင်ကြားပေးလျက်ရှိပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများကို ပါဝင်သရုပ်ဆောင်ရာတွင်လည်း ဟာသအခန်းများတွင်သာမက ကျရာဇာတ်ရုပ်များတွင် ပီပြင်စွာ သရုပ်ဆောင်နိုင်ခြင်း၊ ပြည်သူများ၏ စိတ်ညစ်ညူးမှုများ၊ အဆင်မပြေမှုများကို ပျော်ရွှင်စေအောင် ဟာသပညာဖြင့် စွမ်းဆောင်မှုပေးခြင်းများ ဆောင်ရွက်နေကြပါကြောင်း။

အသက်အရွယ်ကြီးမြင့်သည့် ဟာသပညာရှင်ကြီးများသည်လည်း အသက်အရွယ်ကြီးမြင့်သည့်တိုင် အနားယူမှုမရှိဘဲ မိမိတို့ဝါသနာပါသည့် ပြည်သူ့အကျိုးပြုအနုပညာလုပ်ရှားမှုများကို ဆောင်ရွက်နေသကဲ့သို့ လူမှုရေးနယ်ပယ်တွင်လည်း ပရဟိတလုပ်ငန်းများကို ကြိုးစားဆောင်ရွက်နေသည်ကို တွေ့မြင်ရပါကြောင်း။

ယခုကဲ့သို့ တက်တက်ကြွကြွဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုဆောင်ရွက်ပေးနေသည့် ဟာသပညာရှင်ကြီးများကို နိုင်ငံတော်အနေဖြင့်လည်း စွမ်းဆောင်မှုဆိုင်ရာချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း၊ ဟာသပညာရှင်များအနေဖြင့် မိမိတို့တတ်စွမ်းသည့် ပညာရပ်များကို နိုင်ငံ့အရေးနှင့် ပြည်သူများအတွက် ဆက်လက်စွမ်းဆောင်ပေးစေလိုပါကြောင်း၊ ပြည်သူများ၏ ဘဝအမောများကို ဖြေသိမ့်ပေး၍ ပြုံးပျော်ရွှင်စေသူများမှာ ဟာသပညာရှင်များပင်ဖြစ်ပါကြောင်း၊ ဟာသပညာရှင်များအနေဖြင့် အနာဂတ်တွင် ပြည်သူများပျော်ရွှင်စေရန် အနုပညာစွမ်းအားဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ရည်ရွယ်ချက်ကောင်းကောင်း၊ လှုပ်ရှားဆောင်ရွက်မှုကောင်းကောင်းဖြင့် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းကြီးအနေဖြင့် ယခုထက်ပိုပြီး **စာမျက်နှာ ၁၂ သို့ ▶▶|**



⏭ စာမျက်နှာ ၁၁ မှအဆက်

နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ အနုပညာအကျိုးများ ဆက်လက်ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးဒိန်းဒေါင်က မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် "ဟာသပညာထူးချွန်ဆု"၊ "ဟာသပညာပံ့ပိုးမှုထူးချွန်ဆု"၊ "ဟာသပညာဖန်တီးမှုထူးချွန်ဆု"နှင့် ပရဟိတထူးချွန်မှုဂုဏ်ပြုမှတ်တမ်းလွှာ" များ ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက "ဟာသပညာထူးချွန်ဆု" ရရှိသည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ခင်လှိုင်နှင့် မြင့်မြတ်တို့ကိုလည်းကောင်း၊ "ပရဟိတထူးချွန်မှုဂုဏ်ပြုမှတ်တမ်းလွှာ" ရရှိသည့် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ထူးခန့်ကျော်ကိုလည်းကောင်း ထူးချွန်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးဒိန်းဒေါင်အား ဂုဏ်ပြုအမှတ်တရပစ္စည်းပေးအပ်ချီးမြှင့်သည်။

ထို့နောက် "ဟာသပညာထူးချွန်ဆု"နှင့် "ပရဟိတထူးချွန်မှုဂုဏ်ပြုမှတ်တမ်းလွှာ" ရရှိကြသူများက ကျေးဇူးတင်စကားများပြန်လည်ပြောကြားကြသည်။

ယင်းနောက် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ယဉ်လတ်နှင့် ပုဏ္ဏမီတို့က "ညီလေး" သီချင်းဖြင့်လည်းကောင်း၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် စိုးသူက "ကြည်ဖြူပါ" သီချင်းဖြင့်လည်းကောင်း၊ အငြိမ့်မင်းသမီး ကေတုမတီဘိုမက "ထန်းရွက်ပုတီး" သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က "ဟာသပညာထူးချွန်ဆု" ရရှိခဲ့ကြသည့် အနုပညာရှင် မာမီသက်နှင့် မိုးညိုတို့ကိုလည်းကောင်း၊ "ဟာသပညာပံ့ပိုးမှုထူးချွန်ဆု" ရရှိသည့် အနုပညာရှင် အုန်းဒိုင်းကိုလည်းကောင်း ထူးချွန်ဆုများပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများက ကျေးဇူးတင်စကားများပြောကြားကြသည်။

ထို့နောက် ဖိုက်စတားအဖွဲ့မှ စိတ်ရယ်မောပျော်ရွှင်ဖွယ်ရာ ဟာသပြက်လုံးများဖြင့်လည်းကောင်း၊ နိုင်ငံကျော်အနုပညာရှင်များက တေးသီချင်းများဖြင့်လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက "ဟာသပညာဖန်တီးမှုထူးချွန်ဆု" ရရှိခဲ့ကြသည့် အနုပညာရှင် ချစ်ချော၊ ပေါ်ဦး၊ ဒါရိုက်တာကိုဇော်(အာရုဏ်ဦး)နှင့် ဒါရိုက်တာမောင်သီတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများကိုယ်စား ကိုဇော်(အာရုဏ်ဦး)က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များနှင့် ဟာသအနုပညာရှင်များက တေးသီချင်းများ၊ ရယ်မောပျော်ရွှင်ဖွယ် ဟာသပြက်လုံးများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးဒိန်းဒေါင်က အစည်းအရုံး၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့ကြသည့်အတွက် "လုပ်ငန်းစွမ်းဆောင်ရည်အကောင်းဆုံးဆု" ရရှိခဲ့ကြသည့် ဟာသအနုပညာရှင် ဦးဒေါင်းရှိန်၊ ဦးချစ်စံ၊ ဦးထက်လင်း၊ ဦးမင်းထိုက်၊ ဦးပေါ်ပေါ်၊ အငြိမ့်မင်းသမီး ဒေါ်ဝါဝါခိုင်၊ ဦးစန်းဝင်းမောင်၊ ဦးအောင်ချစ်၊ ဦးလန်ဒန်နှင့် ဦးသော်သော်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးမှ ဟာသပညာရှင်များက သက်ကြီးဟာသပညာရှင်ကြီးများအား စုပေါင်းကန်တော့ကြပြီး ကန်တော့ခံသက်ကြီးဟာသအနုပညာရှင်များကိုယ်စား သက်ကြီးဟာသအနုပညာရှင် ဦးပေါ်လေးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သက်ကြီးဟာသပညာရှင်များအား ကန်တော့ခံပစ္စည်းများပေးအပ်သည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းအစီအစဉ်အဖြစ် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) ဒုတိယအကြိမ်မြောက်ညီလာခံကို ဆက်လက်ကျင်းပပြီး မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးအနေဖြင့် ဟာသအနုပညာရှင်များလောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးအဖွဲ့ဝင်များသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

---

ရန်ကုန် ဇူလိုင် ၇

## ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပေါ်နေသောပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ထိန်းချုပ်ကာကွယ်နိုင်ရေးနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများဆွေးနွေး

ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပေါ်နေသော ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ထိန်းချုပ်ကာကွယ်နိုင်ရေးနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

၎င်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှက ဆေးရုံတွင် ကုသမှုပေးနေသောအခြေအနေများနှင့် ကျန်းမာရေးပြန်လည်ကောင်းမွန်နေမှုအခြေအနေ၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးက ယင်လုံအိမ်သာများ ဆောက်လုပ်ပေးနေမှုအခြေအနေများ၊ ရေလှောင်ကန်များမှ ရေကို ရေသယ်ယာဉ်များဖြင့် သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က မြေပြင်ကွင်းဆင်းတွေ့ရှိမှုအခြေအနေများ၊ အသိပညာပေးခြင်းလုပ်ငန်းများကိုအောက်ခြေအဆင့်အထိ ရောက်ရှိအောင်ဆောင်ရွက်နေသည့်အခြေအနေများ၊ ဆေးရုံအုပ်ကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပေါ်နေသောကူးစက်ရောဂါအခြေအနေများကို ကာကွယ်ထိန်းချုပ်နိုင်ရေးနည်းလမ်းမျိုးစုံသုံး၍ဆောင်ရွက်နေသည့်အခြေအနေများကိုတင်ပြဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုအဖွဲ့အစည်းများစုပေါင်းအဖွဲ့များဖြင့် ရပ်ကွက်၊ စာသင်ကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဘုန်းတော်ကြီးကျောင်း/သီလရှင်ကျောင်း၊ ဈေးများနှင့် လူစည်ကားရာနေရာများတွင် Hand Speaker များဖြင့် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ၊ ဗီနိုင်းများဖြင့် အသိပညာပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊ ရောဂါဖြစ်ပွားသည့် သက်ဆိုင်ရာရပ်ကွက်အလိုက် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို တာဝန်ရှိသူအဆင့်ဆင့်က အများပြည်သူသိရှိလိုက်နာနိုင်ရေးကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်၊ ဆေးရုံကြီးများတွင်ကြိုတင်ပြင်ဆင်ထားပြီးဖြစ်၍ ကြိုတင်ကာကွယ်ရေးနှင့်ကုသရေးအပိုင်းများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များရှိပါက ချက်ချင်းတင်ပြကြရန်လိုအပ်ကြောင်း၊ သို့မှသာအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် တာဝန်ရှိသူများက စေတနာထား၍ ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်စွာကျော်လွှားနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

---

☐ **ကျောဖုံးမှအဆက်**

အနီးပတ်ဝန်းကျင်တွင် လူနာသစ်ရှာဖွေခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ သောက်သုံးရေသန့်ရှင်းရေးအတွက် ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်ဆေးပြားများဝေခြင်း၊ အစားအစာသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းစသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား နှီးနွှယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံကြီးများတွင်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါလူနာများအား စနစ်တကျ ဆေးကုသမှုပေးလျက်ရှိပြီး လိုအပ်သောဆေးဝါးများကိုလည်း ပံ့ပိုးပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် (၇-၇-၂၀၂၄)ရက်နေ့ နံနက် (၈:၀၀) နာရီမှ ည (၈:၀၀) နာရီအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူလူနာသစ် (၄၄)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၂)ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများဖြစ်ပြီး ကျန် (၄၂)ဦးမှာ သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများဖြစ်ကြောင်း၊ လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်းနှင့် (၆-၇-၂၀၂၄)ရက်နေ့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလူနာသစ် (၆၃)ဦးရှိခဲ့သဖြင့် ယနေ့ (၇-၇-၂၀၂၄) ရက်နေ့တွင် လူနာသစ်တွေ့ရှိမှု ဦးရေကျဆင်းလာကြောင်း ရောဂါစောင့်ကြပ်ကြည့်ရှုမှု သတင်းအချက်အလက်များအရ တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေါပုံမြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်၍ လူနာသစ်ရှာဖွေခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည့် ဇူလိုင်လဆန်းပိုင်းအထူးသဖြင့် ဇူလိုင်လ (၄)ရက်နေ့မှ (၆)ရက်နေ့အတွင်း ဆေးရုံတက်လူနာများ မြင့်တက်ခဲ့သော်လည်း အများစုမှာ သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများသာဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယခုအခါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အတွက် အချိန်တိုအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုအား အကောင်းဆုံးထိန်းချုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# စာဖတ်ခြင်းယဉ်ကျေးမှုထွန်းကားဖို့ စာကြည့်တိုက်တွေဖွင့်ကြစို့

ရဿဝတီမေနန်း

ယနေ့ကမ္ဘာပေါ်တွင် တိုးတက်ဖွံ့ဖြိုးကြွယ်ဝနေသော နိုင်ငံများကိုကြည့်မည်ဆိုပါက စာဖတ်သော နိုင်ငံသားများရှိသည့်တိုင်းပြည်သည် အစစအရာရာ ခေတ်မီတိုးတက်ပြီး အဆင့်မြင့်သော လူနေမှုစနစ်ကို ပိုင်ဆိုင်နိုင်ကြ၏။ သူတို့သည် စာဖတ်ခြင်းဖြင့် ဗဟုသုတ အသိပညာများစွာရှာဖွေကြ၏။ ကားဂိတ်၌လည်းကောင်း၊ ဘူတာရုံ၌လည်းကောင်း၊ ရထားစီးရင်း ကားစီးရင်း သင်္ဘောစီးရင်းဖြင့်လည်းကောင်း လူတိုင်း စာဖတ်၍ခရီးသွားနေကြသည်။

မိမိတို့နိုင်ငံပြည်သူအများကလည်း ထိုနည်းတူ စာဖတ်ခြင်းအလေ့အထကို နေရာတိုင်း၌ ပြုကျင့်သင့်ပေသည်။ ခရီးသွားစဉ်တွင် တောင်ငေးမြောက်ငေး အချိန်ဖြုန်းမနေဘဲ မိမိအတွက် အသိပညာတိုးပွားစေမည့်စာအုပ်များ ဖတ်ရှုနေသင့်ပေသည်။ မိမိတို့၏ ဦးနှောက်သည် အမှိုက်ပုံးမဟုတ်။ မကောင်းတာတွေ မထည့်ဘဲ ကောင်းနိုးရာရာစာပေများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ဦးနှောက်ဆဲလ်များကို တိုးပွားလာအောင် လုပ်ဆောင်သင့်ပေသည်။ ယနေ့လူငယ်လေးများသည် အနာဂတ်အတွက် အဖိုးတန်လှသောလူသားအရင်းအမြစ်များဖြစ်ကြသဖြင့် စာအုပ်စာပေတွင် မွေ့လျော်သင့်ပေသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဆိုသည့်အတိုင်း စာအုပ်စာပေများကို ဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာများတိုးတက်လာပြီး လူလိမ္မာ လူယဉ်ကျေးကလေးများ ဖြစ်လာနိုင်ပေသည်။ ငယ်ရွယ်စဉ်ကျောင်းသားဘဝကတည်းက ကျောင်းစာကြည့်တိုက်များတွင် စာဖတ်ခြင်းအလေ့အထကို ပြုစုပျိုးထောင်ပေးသင့်သည်။ မြို့တိုင်း နယ်တိုင်း စာသင်ကျောင်းတိုင်း၌ စာကြည့်တိုက်ရှင်သန်မှုသည် လွန်စွာအရေးကြီးလှပေသည်။

ကျောင်းများတွင် ဆရာ၊ ဆရာမများသည် ကျောင်းသားများအား စာသင်ရုံသက်သက်မဟုတ်ဘဲ ပြင်ပစာပေဗဟုသုတရရှိရေးအတွက် ကျောင်းစာကြည့်တိုက်ကို တွန်းပို့ပေးရပေမည်။ ကျောင်းသားများနားလည်အောင် ရှင်းလင်းပြပြီး ဖတ်သင့်သောစာအုပ်များကို ရွေးချယ်ဖတ်ရှုစေရမည်။ ဤတွင် စာကြည့်တိုက်မှူးကလည်း အလွန်အရေးကြီးလှသည်။ ပညာရေးဝန်ကြီးဌာနက ပံ့ပိုးပေးသောစာအုပ်များအပြင် ပြင်ပ၌ ဝယ်ယူသင့်သော စာအုပ်များရှိပါက ကျောင်းအုပ်ကြီးထံတင်ပြ၍ ကျောင်းသားလူငယ်များနှင့် သင့်လျော်သောစာအုပ်များကို ကျောင်းရန်ပုံငွေမှ ဝယ်ယူပေးသင့်သည်။

ကျောင်းများတွင် နေ့စဉ်ထုတ်သတင်းစာများကို မရှိမဖြစ်ဝယ်ယူဖတ်ရှုသင့်ပေသည်။ များသောအားဖြင့် သတင်းစာကို ဆရာ၊ ဆရာမများကသာ ဖတ်သည်ကများသဖြင့် ကျောင်းသားများဖတ်ရှုနိုင်အောင်လည်း စီစဉ်ပေးရန်လိုအပ်သည်။ နေ့စဉ်ဖတ်ပြီးသော သတင်းစာကို ၁၀ ရက်စာ သို့မဟုတ် တစ်လစာ တွဲချုပ်ထားပြီး စာကြည့်တိုက်တွင် ထားရှိပေးရပေမည်။ သတင်းစာတွင်ပါရှိသောစာမူဆောင်းပါး၊ ကဗျာတို့ကို လေ့လာစေရမည်။ အဘယ်ကြောင့်ဆိုသော် သတင်းစာတွင် သတင်းများသာမက နိုင်ငံတော်အထိမ်းအမှတ်နေ့များအတွက် ဆောင်းပါးရှင်နှင့်ကဗျာဆရာများရေးသားထားသော ဆောင်းပါးများ၊ ကဗျာများ ပါရှိတတ်သည်။ ဤကဲ့သို့ လရာသီအလိုက်ပွဲများ၊ နိုင်ငံတော်ပွဲများ၏စာမူများကို ကလေးများအား ဖတ်နိုင်ရန် ဆရာ၊ ဆရာမများက သတင်းစာဖတ်ဖို့ရန် တိုက်တွန်းပေးရပါမည်။ ထိုဆောင်းပါးနှင့်ကဗျာများကို ကျောင်း၌စာစီစာကုံးရေးရာတွင် အထောက်အကူပြုအချက်အလက်များဖြင့် ရေးသားနိုင်ကြောင်း ဆရာ၊ ဆရာမများက ရှင်းလင်းပြသပေးရမည်။ သို့ဆိုလျှင် ကျောင်းသားများက စာဖတ်လိုစိတ်များပိုမိုနိုးကြားလာမည်ဖြစ်ပေသည်။ တချို့အိမ်များတွင် မိဘများကိုယ်တိုင်သတင်းစာဝယ်ဖတ်သကဲ့သို့ သား သမီးများအား သတင်းစာဖတ်ရန် တိုက်တွန်းပေးရမည်။ ဤသို့ဖြင့် ကလေးများစာဖတ်ရန် ဝါသနာထုံလာပေမည်။



စာသင်ချိန်တွင် စာသင်၊ ကစားချိန်တွင် ကစား၊ စားချိန်တွင်စားပြီး စာကြည့်တိုက်ချိန်တွင် ကျောင်းစာကြည့်တိုက်သို့ဝင်ပြီး စာဖတ်ခိုင်းရပေမည်။ အချို့ကျောင်းများတွင် စာကြည့်တိုက်ချိန်အပြင် နေ့လယ်ထမင်းစားဆင်းချိန်နှင့် အားလပ်ချိန်များတွင် စာကြည့်တိုက်တာဝန်ခံ ဆရာ၊ ဆရာမများက စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိပေးသည်ကိုလည်းတွေ့ရ၏။ စာဖတ်ချိန်တွင် မူလစာဖတ်ဝါသနာပါသော ကျောင်းသားများ သူတို့ဖတ်လိုသောစာအုပ်များကို ရွေးချယ်ဖတ်ပါစေ။ သို့သော် ဆရာ၊ ဆရာမများက စာအုပ်ကို သင့်/မသင့် ကြည့်ပေးရမည်။ စာဖတ်လေ့မရှိသော ကျောင်းသား၊ ကျောင်းသူများကိုမူ ဆရာ၊ ဆရာမများက စာဖတ်ခြင်း၏အကျိုးကျေးဇူးကို

ယနေ့ခေတ်တွင် IT နည်းပညာထွန်းကားလာသော ခေတ်နှင့်အညီ လူငယ်များသည် လက်ကိုင်ဖုန်း၊ ကွန်ပျူတာတို့ဖြင့်လည်းကောင်း၊ မိမိတို့သိရှိလိုသော အချက်အလက်များကို အလွယ်တကူလေ့လာဖတ်ရှုနိုင်သည်။ ကျောင်းသားလူငယ်များသာမက ရုံးဝန်ထမ်းများပါမကျန် လူငယ်များအားလုံး စာဖတ်ကြပါမှ အတွေးအခေါ် အယူအဆကောင်းများ၊ အတွေးအမြင်သစ်များ ရရှိပေမည်။

စာဖတ်ခြင်းအလေ့အထသည် ယခုမှပင် ပေါ်ထွန်းလာခြင်းမဟုတ်။ ရှေးရှင်ဘုရင်များလက်ထက်ကပင် စာပေလိုက်စားခဲ့ကြသော ပညာရှိအမတ်ကြီးများ ပေါ်ထွန်းခဲ့သည်။ လယ်သမား၏ကလေးဖြစ်သော ဖိုးရာဇာသည် လယ်ယာလုပ်ကိုင်ရင်း စာပေအတတ်ပညာများကို ဝီရိယ၊ လုံ့လစိုက်၍ အားထုတ်ဖတ်ရှုခဲ့သည်။ ဤသတင်းသည် ဘုရင့်ရွှေနားတော်သို့ ပေါက်ကြားရာမှ ချီးမြှင့်မြှောက်စားခံရသော ပညာရှိဝန်ဇင်းမင်းရာဇာအမတ်ကြီး ဖြစ်လာခဲ့ပေသည်။ ထို့အတူ စာပေလေ့လာလိုက်စားရာမှ စကားအရာတွင် ကျွမ်းကျင်ပြောင်မြောက်လှသော အမတ်ကြီးဦးပေါ်ဦးနှင့် စာပေလက်ရာတွင် အနုပညာဆန်၍ လက်ရာပြောင်မြောက်လှသော စာဆိုစစ်သည် မြဝတီမင်းကြီးဦးစတို့သည် ထင်ရှားကျော်ကြားသော ပညာရှိပုဂ္ဂိုလ်အကျော်အမော်များပင် ဖြစ်ပေသည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး" ဟူသောစကားအတိုင်း မိမိတို့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ကြမည့် ခေါင်းဆောင်လူတော်လူကောင်းများပေါ်ထွန်းလာရေးအတွက် လူငယ်များအား စာဖတ်ခြင်းမှစ၍ ပြုစုပျိုးထောင်ပေးရပေမည်။

ထို့ကြောင့် ကျောင်းသား၊ လူငယ်၊ လူကြီး၊ ရုံးဝန်ထမ်းများမကျန် အားလပ်ချိန်များတွင် စာဖတ်ကြပါရန် တိုက်တွန်းလိုသည်။ စာဖတ်ခြင်းဖြင့် အတွေးအခေါ်ကောင်းမွန်လာခြင်း၊ ဦးနှောက်စွမ်းရည်မြင့်မားလာခြင်းကို ဖြစ်ပေါ်စေသည်။ စာဖတ်သူနှင့် စာမဖတ်သူတို့သည် အပြောအဆို၊ အရေးအသားကအစ ကွာခြားကြောင်း တွေ့ဖူးကြပေလိမ့်မည်။ ဘွဲ့ရ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများပါမကျန် စာမဖတ်ဘဲနေကြပါက အတွေးအခေါ်နောက်ကျကျန်ရစ်နေပေလိမ့်မည်။ အခြားဝန်ထမ်းမိသားစုများကလည်း စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် မိမိတို့၏သား သမီးများနှင့်အတူ ရပ်ကွက်စာကြည့်တိုက်များသို့ သွားရောက်စာဖတ်သင့်ပေသည်။ အချို့ဝန်ကြီးဌာနရုံးများတွင်လည်း စာကြည့်တိုက်များထားရှိသဖြင့် ငှားရမ်းဖတ်ရှုနိုင်ပေသည်။ တက္ကသိုလ်ကျောင်းသားများနှင့် အနီးဝန်းကျင်ရှိမိဘပြည်သူများကလည်း တက္ကသိုလ်စာကြည့်တိုက်များသို့ သွားရောက်ဖတ်ရှုနိုင်ပေသည်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည် စာအုပ်ဘဏ်တိုက်ဟုပင် ပြောနိုင်လောက်အောင် စာအုပ်မျိုးစုံထားရှိသဖြင့် သွားရောက်ဖတ်ရှုစေလိုသည်။ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အပြင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တို့တွင်လည်း အဖိုးတန်စာအုပ်ပေါင်းများစွာအပြင် ရှေးဟောင်း ပေပုရပိုက်များ၊ ရှေးခေတ်စာပေကျမ်းဂန်များကို စနစ်တကျထိန်းသိမ်းထားကြောင်း တွေ့ရှိရသဖြင့် ဘာသာရေးဆိုင်ရာစာပေများကို သာသနာ့ဝန်ထမ်း ရှင်ရဟန်းများပင် သွားရောက်၍ လေ့လာဖတ်ရှုနိုင်သည်။

နိုင်ငံတော်က ကြီးမှူးကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကိုလည်း လူကြီးလူရွယ်လူငယ်မကျန် သွားရောက်နွှဲပျော်ကာ စာဖတ်ခြင်းယဉ်ကျေးမှုထွန်းကားရေး ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို နေပြည်တော်တွင်သာမက ရန်ကုန်၊ မန္တလေးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိဘပြည်သူများပူးပေါင်းကာ ကျင်းပပေးလျက်ရှိသည်။ ဤကဲ့သို့သော စာပေပွဲတော်များသို့ ကျောင်းများမှ ဆရာ၊ ဆရာမများက ဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူများအား လိုက်လံပို့ဆောင်ပေးပြီး နွှဲပျော်စေသင့်သည်။ လူကြီးလူငယ်မရွေး မည်သူမဆို စာပေအသိ စာပေချစ်စိတ်ဖြင့် စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာပြီး အသိပညာဗဟုသုတများတိုးပွားအောင် မိမိကိုယ်ကိုဆောင်ရွက်သင့်ပေသည်။

စာဖတ်ခြင်းအားဖြင့် ပြည်သူပြည်သားကောင်းတစ်ယောက်ဖြစ်လာအောင် လေ့ကျင့်ပေးသော "ပြည်သူ့နီတိ"တရားများကိုပါ နားလည်လာကြပေလိမ့်မည်။ လူကြီးမိဘများကလည်း စာကိုအချိန်ရလျှင်ရသလို ဖတ်ရှုနေရပေမည်။ စာဖတ်သောမိဘ၏သား သမီး ဆုံးမပုံနှင့် စာမဖတ်သောမိဘများ၏ သား သမီးများကို ဆုံးမသွန်သင်ပုံလည်း ကွာခြားကြသည်ကို တွေ့ရပေမည်။ စာဖတ်သောမိဘများက မိမိတို့သား သမီးများကို ဆုံးမရာတွင် စိတ်ဒဏ်ရာရအောင် မပြုမူကြ။ သား သမီးနားလည်အောင် ပြောဆိုရှင်းလင်းပြပြီး ဆင်ခြင်နိုင်အောင်ပြုပြင်ပေးကြသည်။ စာမဖတ်သော မိဘများဆိုလျှင် များသောအားဖြင့် ကလေးအား ဆုံးမတိုင်း ခေါင်းကိုခေါက်ကြ၏။ ကလေး၏ဦးနှောက် ထိခိုက်မည်ကိုမသိကြပေ။ ထို့ကြောင့် အရောင်းအဝယ်ကုန်သည်ပွဲစားမကျန် စာဖတ်ကြခြင်းဖြင့် မိမိ၏စီးပွားရေး၊ ကြီးပွားရေးသည် နည်းမှန်လမ်းမှန် စနစ်တကျ အဆင်ပြေကြမည်ဖြစ်ပေသည်။ စာဖတ်ခြင်းဖြင့် အဆိုးအကောင်း၊ အကျိုးအကြောင်း ဆင်ခြင်သုံးသပ်နိုင်ပြီး ဝန်းကျင်ကောင်းကို ဖန်တီးနိုင်မည်ဖြစ်ပေသည်။

မိမိပတ်ဝန်းကျင်ကောင်းလျှင် ပတ်ဝန်းကျင်ငြိမ်းချမ်းမည်။ မိမိရပ်ရွာ၊ မြို့နယ်၊ နိုင်ငံကိုလည်း အေးချမ်းအောင်ဖန်တီးနိုင်မည်ဖြစ်သည်။ နိုင်ငံအေးချမ်းလျှင် ပြည်သူများလည်း အေးချမ်းလွတ်လပ်စွာသွားလာနေထိုင်နိုင်ကြပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ကြပေမည်။ ထို့ကြောင့် လူကြီးလူငယ်အားလုံး စာဖတ်ရေးအတွက် ဝိုင်းဝန်းဆွဲဆောင်ပေးကြစေလိုသည်။ "စာဖတ်မှ လူဖြစ်ရကျိုးနပ်မည်" ဖြစ်သဖြင့် ရောက်သည့်နေရာ၌ ဗဟုသုတဖြစ်စေမည့်စာပေများ ဖတ်မှတ်လေ့လာမှတ်သားစေလိုသည်။ ပြည်သူပြည်သားအားလုံးသည် စာဖတ်ခြင်းကို ယဉ်ကျေးမှုတစ်ခုအဖြစ် မှတ်ယူသင့်ပေသည်။ ထို့ကြောင့် ပြည်သူပြည်သားအားလုံး စာဖတ်ခြင်းယဉ်ကျေးမှုထွန်းကားဖို့ လူတိုင်းလူတိုင်း စာဖတ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



နေပြည်တော်  ဇူလိုင်  ၇

# မဲဆန္ဒရှင်စာရင်းများစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(စတုတ္ထအကြိမ်)ကျင်းပ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဲဆန္ဒရှင်စာရင်းများစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (စတုတ္ထအကြိမ်)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ကော်မရှင်အနေဖြင့် အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး မဲဆန္ဒရှင်စာရင်းများစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့ရာ ယခုဆိုလျှင် လေးကြိမ်အထိ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်း ၄၃၁ ဦးနှင့် online ဖြင့် တက်ရောက်သူ ၃၀၃ ဦး စုစုပေါင်း ဝန်ထမ်း ၇၃၄ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲများကိုကျင်းပဆောင်ရွက်ခြင်းသည် မဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ်၏ အားနည်းချက်များ၊ အခက်အခဲများကို ဆွေးနွေးအဖြေရှာပြီး မဲစာရင်းများပြုစုရာတွင် လျင်မြန်စွာဆောင်ရွက်နိုင်ရန်နှင့် မဲစာရင်းများပြည့်စုံမှန်ကန်စေရန်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့်မဲစာရင်းမှားယွင်းမှုများကို စစ်ဆေးဆောင်ရွက်ပြီးချိန်မှစ၍ မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် အခြေခံမဲစာရင်းများပြည့်စုံမှန်ကန်ရေးသာမက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ရမည့် ရွေးကောက်ပွဲအကြိုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် မဲရုံဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နှံ့စပ်နေအောင် ကြိုတင်လေ့လာထားကြရန် မှာကြားလိုကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်ရှိသည်များကို ယခုထက်အရှိန်အဟုန်မြှင့်ပြီး အသင့်ဖြစ်အောင်ဆောင်ရွက်ထားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ဇူလိုင်လ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်လ၊ ဩဂုတ်လတို့တွင် ရေဘေးအန္တရာယ်နှင့်ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များပြားစွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ (၁၄၄)ကြိမ်ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉) လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားလှသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင်ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်း သတိပြုကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ဆက်သွယ်ရမည့်သူ စသည်တို့အားရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ(သို့) ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသောတိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်၊

(စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ၇-၇-၂၀၂၄ ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

မြစ်ကြီးနား ဇူလိုင် ၇

# နောင်နန်း(၈)မိုင် AG အသင်းတော်၌ ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာစခန်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ သွားရောက်အားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ နောင်နန်း(၈)မိုင် AG အသင်းတော်၌ ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာစခန်းသို့ ရောက်ရှိပြီး နိုင်ငံတော်အကြီးအကဲက လှူဒါန်းသည့် ကျား/မ ရုပ်အင်္ကျီများ၊ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့သည့်ငွေကျပ် ၉၄၃၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၅၀၊ ငါးသေတ္တာ လေးဖာ၊ ခေါက်ဆွဲခြောက် ၂၄၃ ဖာ၊ ဆီ ၁၀ ပိဿာ ပုံး ၂၀ နှင့် ရေသန့်ဘူးများ စသည့် အခြေခံစားသောက်ကုန်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သည့် ငွေကျပ် ၂၇၆၈၉၀၀၀ တန်ဖိုးရှိ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာ စသည့်ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်သည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ရေဘေးသင့်ပြည်သူများအား နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မှုများ၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ကူးစက်ရောဂါများမဖြစ်ပွားစေရေး လိုက်နာဆောင်ရွက်ရန်များနှင့် စခန်းနေသူများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သော မေလနှင့် ဇွန်လက မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့သို့ ရောက်ရှိလာသော ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၂၅၃၇ စုမှ လူဦးရေ ၁၂၄၂၇ ဦး အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၅၂၁၉၃၄၀၀ ကို ကချင်ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ မြစ်ရေကြီးမြင့်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြေနိမ့်ပိုင်းနေရာတစ်ခုဖြစ်သည့် ရမ်ပူ ရပ်ကွက် နယ်မြေ(၁၁)အတွင်း နေအိမ်များအတွင်းမြစ်ရေဝင်ရောက်ခဲ့မှု၊ နုန်းမြေများ တင်ကျန်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ်ပေါ်ပေါက်ပါက ပြည်သူများ အမြန်ဆုံးဘေးလွတ်ရာသို့ ဖယ်ရှားနိုင်ရေး အသိပညာပေးခြင်းနှင့် ဆွေးနွေးဟောပြောခြင်းလုပ်ငန်းများဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၇

# ခန္တီးမြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ဇွန်လ ၂၆ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်ထက်ကျော်လွန်ခဲ့သဖြင့် ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါ်မိုင်းရပ်ကွက်ရှိ သာသနာဟိတ(ဗဟိုကျောင်း)၊ အခြေခံပညာမူလတန်းကျောင်း(ပေါ်မိုင်း)တို့တွင် တိမ်းရှောင်နေသည့် ရေဘေးသင့်ပြည်သူများနှင့်မြသိန်းတန်ဘုရားကုန်း၊ တပ်ဦးနန္ဒဝန်ဘုန်းတော်ကြီးကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့်အခြေခံပညာအလယ်တန်းကျောင်း(ဇီးဖြူကုန်း)တို့၌ ရွှေ့ပြောင်းနေထိုင်နေသည့် ရေဘေးသင့်ပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ခန္တီးမြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၀ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၈၀၀ |
| 95 Ron | ၂၈၁၅ | ၂၈၉၅ | ၂၈၇၅ | ၂၈၂၅ | ၂၈၉၅ | ၂၉၁၀ | ၂၉၂၀ | ၂၈၇၅ | ၃၀၀၅ | ၃၀၃၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၂၀ | ၂၉၃၅ | ၃၃၄၀ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၀ | ၂၅၄၀ | ၂၄၉၀ | ၂၅၆၀ | ၂၅၇၅ | ၂၅၈၅ | ၂၅၄၀ | ၂၆၇၅ | ၂၇၀၅ | ၂၅၅၀ | ၂၅၆၅ | ၂၆၀၀ | ၂၅၈၅ | ၂၆၀၀ | ၃၀၀၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၉၁၅ | ၂၉၉၀ | ၂၉၇၀ | ၂၉၂၅ | ၂၉၉၅ | ၃၀၀၅ | ၃၀၁၅ | ၂၉၇၅ | ၃၁၀၅ | ၃၁၃၅ | ၂၉၈၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၂၀ | ၃၀၃၀ | ၃၄၄၀ | ၃၉၀၀ |
| HSD (10 ppm) | ၂၉၁၅ | ၂၉၉၀ | ၂၉၇၀ | ၂၉၂၅ | ၂၉၉၅ | ၃၀၀၅ | ၃၀၁၅ | ၂၉၇၅ | ၃၁၀၅ | ၃၁၃၅ | ၂၉၈၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၂၀ | ၃၀၃၀ | ၃၄၄၀ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၄ |
| 95 Ron | ၂၆၆၈ | ၂၇၅၅ |
| HSD (500 ppm) | ၂၃၄၄ | ၂၄၂၁ |
| HSD (50 ppm) | ၂၇၆၁ | ၂၈၄၆ |
| HSD (10 ppm) | ၂၇၆၁ | ၂၈၄၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW July 7

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win attends Myanmar-China meeting

Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win who was in Qingdao to attend green development forum of Shanghai Cooperation Organization (SCO) took part in Myanmar-China meeting held at Anren Hall of Qingdao International Conference Center at 5 pm local standard time.

Present at the meeting together with the Vice-Senior General were Deputy Minister for Natural Resources and Environmental Conservation U Min Thu, Myanmar Ambassador to China U Tin Maung Swe, Director General of Protocol Department U Zaw Tun Oo, Military Attaché Brig-Gen Zaw Zaw Naing, and officials. Vice Chair of National Committee of Chinese People's Political Counsel Conference Chair of Good Neighborly and Friendly Relations and Cooperation Commission of SCO Ms. Shen Yueyue was accompanied by Secretary of Shandong Province Committee Mr. Lin Wu, Vice Secretary of Shandong Province Committee Administrator Mr. Zhou Naixiang, Vice Chair of Good Neighborly and Friendly Relations and Cooperation Committee of SCO Ms. Cui Li and officials.



Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win attends the Myanmar-China meeting.

At the meeting views on efforts to develop pauk-phaw relations based on five principles of peaceful co-existence, promotion of partnership and multiple strategic cooperation, peace and stability at the common border, cooperation to ensure cent per cent security for projects, sharing information between two countries for anti-illegal border crossing, anti-online gambling and counter-narcotic campaigns, efforts to increase bilateral trade, enhancement of economic cooperation and investments, and SAC's endeavours for successful holding of multi-party democracy general election through the implementation of five-point roadmap were cordially exchanged.

After the meeting, Vice-Senior General Soe Win and Ms. Shen Yueyue posed for documentary photo.

In the evening, the Myanmar delegation led by Vice-Senior General Soe Win attended the dinner hosted by Ms. Shen Yueyue at Yellow River Hall of Qingdao International Conference Center together with other delegates to the forum. **100**

COMMERCE

# MoC announces 1,100 HS codes for Customs warehousing

The Ministry of Commerce nodded four import categories in customs warehousing with 1,100 HS codes, including pharmaceuticals (117 HS codes), electric vehicles and related parts (56 codes), industrial raw materials and chemicals (866 codes) and food raw materials (61 codes).

Apart from those goods authorized in customs warehousing, seeking an import licence for the goods before arrival at the port is obligatory, and failure to do so is subject to a fine and sentence under the existing laws, as per Notification 50/2020 of the Trade Department under the Ministry of Commerce dated 8 July 2020.

Without obtaining a permit, no one shall be allowed to export and import the specified goods that need to seek a licence. The Trade Department warned the exporters and importers of penalties for non-compliance with the Export and Import Law, directives and guidelines starting from 1 July 2024. It informed them to seek licences first as pre-arrival documentation for all types of shipment by air, sea and road, according to the export and import news bulletin 3/2024 of the Trade Department.

**SK**

AGRICULTURE

# Farmers harvest more than 3,000 acres of butter bean in Kalay District

The statistics of Kalay District Agriculture Department stated that a total of 3,270 acres of butter bean has been harvested as cold season in Kalay District of Sagaing Region.

In 2023-2024 financial year, Kalay District started harvesting of butter bean. So far, local farmers have harvested 3,211 acres of butter bean in Kalay Township and 959 acres in Mingin Township, totalling3,270 acres, yielding 18.09 baskets per acre.

"Now, farmers are harvesting remaining butter bean plantations in the district. Local farmers growbutter bean due to fetching good prices," said U Aung, Head of Kalay District Agriculture Department.

Farmers cultivated 3,270 acres of butter beans till the end of December 2023 exceeding the target of 3,247 acres in Kalay District in 2023-2024 financial year.

Some farmers planted butter bean only but some mixed some crops in butter bean plantation. Relevant township agriculture departments assist local farmers in growing butter bean with agricultural techniques to boost per-acre yield, use of quality strains of crops and spraying pests in addition to post-harvest technology.

**SMK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

AGRICULTURE

# Yangon sets fixed prices for four types of fertilizers

The Myanmar Fertilizer, Seed and Agrochemical Entrepreneurs Association has published Yangon dock reference prices for four types of fertilizers.

On June 25, 2024, the Urea Fertilizer Purchasing and Distribution Steering Committee will release the schedule.

Fertilizers, which are mainly used by farmers, are released for sale according to Yangon dock prices.

The set fertilizer price is Ks- 73,000 per bag of 50 kilogrammes of urea fertilizer (large lumps). One kilo bag of 15 round Rock Phosphate base is (Ks-100,000), Di Ammonium Phosphate Base (15) is Ks-115,000 per kilo bag, and Complex 15 is Ks-122,000 per kilo bag.

It is also stated that the above prices are the Yangon dock prices and may change slightly depending on regional transport costs.

Reference prices will be published in accordance with the specifications.

The Myanmar Fertilizer, Seed and Agrochemical Entrepreneurs Association stated that if the above-mentioned items are not sold in line with the reference prices, complaints can be made. **SK**

AGRICULTURE

# Kyaukmyaung Sub-Township finishes cultivation of more than 1,500 acres of sugarcane

According to the statistics of the Kyaukmyaung Sub-Township Agriculture Department, a total of 1,522 acres of monsoon sugarcane has been planted in the sub-township of Shwebo Township in Sagaing Region.

In 2024-2025 monsoon, the sub-township earmarked 1,522 acres of sugarcane, and local farmers have completed all targeted acreage of sugarcane.

"This year, we planned to grow 1,522 acres of sugarcane in monsoon. At present, farmers have completed all sown acreage with sugarcane. They prefer to grow sugarcane in monsoon," said Daw Khin Win, Head of Sub-Township Agriculture Department.

In 2023-2024 monsoon, the sub-township earmarked 1,644 acres of monsoon sugarcane but local farmers grew 1,522 acres against the target.

Sugarcane is planted in Shwebo, Kanbalu and Katha districts in Sagaing Region. Of them, Katha and Kanbalu districts place the largest sown acreage of sugarcane.

Farmers need to cost Ks-600,000 to Ks-700,000 per acre of sugarcane, yielding 30 tons of sugarcane per acre.

Local farmers use K-95/84, Nawade-4, Pharmoza and Hsin-shweli sugarcane strains. **SK**

AGRICULTURE

# More than 2,000 acres of farmlands placed under monsoon paddy in Khamti Township

According to the Khamti Township Agriculture Department, a total of 1,504 acres of farmlands have been placed under monsoon paddy in Khamti Township of Sagaing Region this monsoon.

In 2024-2025 monsoon, the township earmarked 8,350 acres of monsoon paddy but local farmers have so far planted 2,504 acres of monsoon paddy.

Daw Su Su Khaing, Head of Khamti Township Agriculture Department, said: "We earmarked cultivation of more than 8,000 acres of monsoon paddy but local farmers have completed cultivation of more than 2,000 acres. Our department helps local farmer grow paddy meeting the target with agricultural techniques."

In 2023-2024 FY, the township set a plan to grow 8,300 acres of monsoon paddy but local farmers planted 8,279 acres of monsoon from May to September, exceeding the target.

Local farmers use Hsin Ekari-3, Ayeyamin, Hmawby-2, and domestic paddy strains, with the water from damming creeks and drains in monsoon. Township departmental officials help local farmers prevent pests, minimize loss of crops and keep crops under shelter in time.

Township Agriculture Department provides assistance for local farmers with pests and fertilizers.

**SMK**

UNITED STATES

# Plague case confirmed in US State of Colorado



Plague case confirmed in US State of Colorado.

While the plague can be treated with antibiotics, symptoms usually include a severe headache, fever and chills, muscle aches, nausea, vomiting and swollen lymph nodes, said the WHO. The fatality rate drops below 5 percent if treated, but if left untreated the fatality rate is 30 to 60 percent.

Health officials are investigating a human case of plague confirmed in Pueblo County, Colorado. Although, no information about who contracted the disease, nor how or when, has been provided. The Pueblo Department of Public Health and Environment (PDPHE) is working with the Colorado Department of Public Health and Environment to investigate, a press releasesaid.

"We advise all individuals to protect themselves and their pets from plague," said Alicia Solis, program manager of the Office of Communicable Disease and Emergency Preparedness at PDPHE.

Plague is a disease that affects humans and other mammals and is caused by the bacterium, Yersinia pestis, according to the Centers for Disease Control (CDC). An average of seven people in the US each year contract the plague, which is spread when an infected rodent flea bites a human or a person handles an infected animal - in some cases is can also be passed through inhalation.

"The more common risk of exposure in the U.S. is from pets, rodents and fleas," said Erica Susky, a certified infection control practitioner based in Canada. Susky adds that hunting, including skinning animals, is also a risk. Overall, the best prevention is to avoid rodents and fleas whenever possible, as well as dead rodents.

The plague is found on all continents except Oceania, though most human cases since the 1990s have occurred in Africa, according to the World Health Organization (WHO). It naturally occurs in areas of the western US, as well as certain regions of Africa and Asia, but can be cured with antibiotics if treatment is quickly given.

**Sputnik**

MALTA

# Heatwave sweeps across S. Europe, raising concerns on health, environment

With much of Southern Europe engulfed by a heatwave, concerns have been raised over public health and the risk of wildfires. Temperatures have hit 40 degrees Celsius and above in several regions, and more heatwaves are expected in the near future across the continent.

Greece is currently experiencing its earliest heatwave on record and has issued urgent warnings to travelers after several tourists died amid record-high temperatures in June. Schools and tourist sites, including the Acropolis, were temporarily closed. Greek Minister of Health Adonis Georgiadis has urged holidaymakers to be "very careful" and avoid taking "unnecessary risks."

Meanwhile, Italy saw temperatures as high as 42 degrees in mid-June, with multiple heatwave alerts throughout the month. In April, a joint study by the United Nations (UN) World Meteorological Organization and the European Environment Agency concluded that temperatures in Europe are now 2.3 degrees warmer than pre-industrial levels.

Spain has also seen soaring temperatures, with some regions exceeding 40 degrees. The country is now bracing itself for another hot summer after two consecutive years of record temperatures.

Even in the eastern European country of Lithuania, temperatures in many regions passed 30 degrees in June. Justinas Kilpys, a lecturer at Vilnius University's Department of Hydrology and Climatology, said this was not an annual occurrence before the 2000s.




Heatwave sweeps across S. Europe, raising concerns on health, environment.

The heatwaves have raised significant public health concerns, especially in some eastern European countries, which have rarely seen such scorching weather so early in a year.

**Xinhua**

GERMANY

# Germany to close airbase in Niger after negotiations on soldiers immunity fail - reports

The German armed forces will give up its airbase in Niger, which was used as a military transport hub, by August 31, as the sides failed to extend the agreement concerning the base, German media reported on Saturday, citing the German Defence Ministry.

The talks broke down after the new Nigerien authorities had refused to grant German soldiers with immunity from prosecution, the NTV news outlet reported, citing a document the ministry had presented before the parliament.

Germany expects to withdraw its troops from the country by the end of August as well.

The German military has used the base in Niger's capital, Niamey since 2013 as a supply center for its armed forces in neighboring Mali, which were stationed there as part of a UN peacekeeping mission.

Nigerien authorities, which took power in a military takeover in July 2023, have since then also terminated military agreements with France and the United States, which led to the French and US forces' withdrawal from the country.

**Sputnik**

PALESTINE

# 1st case of West Nile fever recorded in West Bank

The first case of West Nile fever in the West Bank was recorded in the governorate of Jenin, the Palestinian Health Ministry said on Saturday.

Doctors identified symptoms consistent with the disease, and subsequent tests confirmed the infection, the ministry stated.

The disease is transmitted through mosquitoes and its symptoms are very similar to those of the flu, including a high fever, the statement mentioned, noting that symptoms appear three days after the mosquito bite, with the elderly being the most vulnerable age group.

Primary healthcare and environmental health teams, along with the Jenin authorities, have been conducting a mosquito control campaign in the city and its camp since Saturday, the statement said, noting that the ministry's specialized teams will extend these efforts to all governorates.

The operations by the Israeli army, which targeted infrastructure, especially water and sewage networks in Palestinian cities and areas, have significantly increased the spread of mosquitoes, particularly in the city and camp of Jenin, according to the statement.

The ministry called on Palestinians to protect themselves from infection by wearing long-sleeved clothes and pants when outside during mosquito activity at night, using mosquito nets while sleeping, and applying mosquito repellent creams on the skin.

West Nile virus can cause neurological disease and death in people, with most infections resulting from bites by infected mosquitoes, according to the World Health Organization.

Approximately 80 percent of infected individuals are asymptomatic, while others may develop West Nile fever or severe West Nile disease.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Giant dinosaur skeleton is unearthed in US state: 'Incredibly unusual' 30 ft Cretaceous-era monster is nearly intact in 'rare' find dating back 80 MILLION years

- **T.Rex was warm-blooded! King of the Dinos generated its own heat**



Above, the upper arm bone of an ancient hadrosaur uncovered in northeastern Mississippi.

The most complete dinosaur fossil ever uncovered in Mississippi, called 'incredibly unusual' by state officials, still remains 85 percent buried since its 2007 discovery.

Paleontologists have confirmed that the specimen was once a living hadrosaur: a family of vegetarian, duck-billed dinosaurs that existed over 82 million years ago.

But the hadrosaur is a large family of herbivore giants — including at least 61 identified, individual species with possibly hundreds of unique kinds having once roamed the Earth, according to experts.

Researchers have secured pieces of this specimen's spinal vertebrae, portions of its forearm, feet and pelvic bones, but the rest has proven tricky to unearth from its location outside Booneville in the northeast part of the state.

'This thing sat for a while because we didn't have anybody to work on it,' as one official with the state's geology office, James Starnes, confessed.

For nearly two decades, it has remained a mystery exactly which of the many species of hadrosaur was actually the kind dug up in this Booneville, Mississippi-area find.

But researchers are now turning to a 3D method of forensic bone analysis to solve the riddle before it's even fully unearthed.

University of Southern Mississippi (USM) geology graduate student Derek Hoffman is now analyzing the hadrosaur's remains with this method, which is known across multiple scientific disciplines as 'geometric morphometrics.'

'What geometric morphometrics does,' as Hoffman simplified it, 'is it takes a shape-analysis approach.'

Key features or 'landmarks' are determined for a given bone sample and their respective distances, and the ratios of those distances, are then compared via complex statistical models to confirm differences and similarities to known bones.

The method has also proven effective in anthropology as well as in studies of human evolution, including comparisons between the brain cavities of modern humans and our Neanderthal ancestors.


But Hoffman's hunt for answers about this hadrosaur fossil has been made harder by the fact that some pieces of the creature are in the hands of private collectors.

Hoffman's work is focused mainly on the bones held publicly by the Mississippi Museum of Natural Science.

'We have quite a few of the vertebrae,' museum paleontology curator George Phillips told local paper the Clarion Ledger. 'We have one humerus.'

'We have one ulna. The ulna is the posterior of the forearm.'

'We have some of the foot bones,' Phillips continued. 'Then we have the pubis.'



The hadrosaur is a large family of giant plant-eating dinosaurs - including at least 61 identified, individual species with possibly hundreds of unique kinds having once roamed the Earth, according to experts.

The adult hadrosaur's ulna comes in at roughly two feet long and its humerus bone is in the range of about a foot and a half long. And just one completed, adult hadrosaur's foot bones can exceed well 50 pounds in total weight.

But the dinosaur's skull — the most unique identifying feature for differentiating between hadrosaur species — has to researchers' frustration yet to be located.

Different species of hadrosaur are well known to have evolved with a wide and weird variety of crowns on their duck-billed heads, even floppy material like a rooster's red 'comb.'

Paleontologists are still debating what biological purpose these unusual and sometimes ostentatious features might have served, but their variety has contributed to the recorded diversity of the hadrosaur family.

Hoffman at USM has focused on the dinosaur's pubis, a bone from the front of the pelvis, as the next best choice for identifying this fossil's species.

While the differences between hadrosaur species' pubis bones are subtle, often too subtle for the naked human eye, their hidden distinctions can be teased out by rigorous mathematical approaches like geometric morphometrics.

The USM geology grad student is hoping to at least narrow down the number of potential hadrosaur species that this Mississippi fossil might be.

Or: 'What is the lowest taxonomy level we can get this hadrosaur to,' as Hoffman phrased it.

What's now known about this particular hadrosaur is that it likely measured about 25-26 feet long and stood about 16 feet tall when perched on its hind legs.

While researchers believe that the hadrosaur lineage started in North America, the plant-eaters eventually migrated across the globe with fossils uncovered in Asia, South America, Europe and North Africa.

'They're the most well-represented dinosaurs in the fossil record,' Hoffman said, 'without a doubt.'

Hadrosaurs' name derives from the Ancient Greek for 'stout lizard,' and the heavy animals did in fact range from about 2.2 to 4.4 US tons (or between 2,000 to 4,000 kilograms).

Many hadrosaur species lived between 75 and 65 million years ago in the Late Cretaceous Period.

Other examples of dinosaurs from the hadrosaur family include the Parasaurolophus, which had a long, backward-curving crest on its head and appears in the 2022 film 'Jurassic World Dominion,' and the Edmontosaurus, which had the aforementioned crest made from soft tissue like a rooster.

State official James Starnes, with the Mississippi Department of Environmental Quality's Office of Geology, said that the 2007 discovery of this hadrosaur in near Booneville was just 'incredibly unusual.'

'We just don't have a lot of skeletons,' Starnes said. 'We have pieces and parts, but not a skeleton.'

Starnes hopes that, despite the nearly two decades it has taken to unearth just a fraction of this hadrosaur fossil, that the project will one day be completed.

'We're still getting more of this specimen out,' Starnes said.

**Mail Online**

# ကမ္ဘာကြီးအစီအစဉ်တကျရှိမှုအတွက် ပြယုဂ်ဖြစ်လာသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထက်မြတ်




ယနေ့အချိန်အခါတွင် မိမိတို့အနေဖြင့် တွေ့ကြုံရင်ဆိုင်နေရသည့် အကြီးမားဆုံးသောအန္တရာယ်များအနက်တစ်ခုမှာ နိုင်ငံများအချင်းချင်းပူးပေါင်းဆောင်ရွက်လိုမှုနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းလိုမှု စိတ်ကူးဆန္ဒများ လျော့နည်းကျဆင်းလာခြင်းဖြစ်သည်။

ထိုကဲ့သို့သောခြိမ်းခြောက်မှုအန္တရာယ်ဖြစ်ပေါ်လာရခြင်းက အမေရိကန်နှင့်၎င်း၏မဟာမိတ်များအနေဖြင့် နိုင်ငံပေါင်းစုံပူးပေါင်းပါဝင်ဆောင်ရွက်ရသည့် ပုံစံများအားလုံးကို သူတို့၏ကိုယ်ကျိုးစီးပွားများအတွက်သာ ကာလရှည်ကြာအသုံးချခဲ့ခြင်းနှင့်ဆက်စပ်နေသည်။

ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း ထိုကဲ့သို့သောအသုံးချမှုများက ကုလသမဂ္ဂနှင့်ဥရောပတို့ရှိ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အကြီးအကျယ်ထိခိုက်စေခဲ့ပြီးဖြစ်သည်။

ထို့အတွက်ကြောင့် အချုပ်အခြာအာဏာပိုင်နိုင်ငံများအနေဖြင့် ၎င်းတို့ကိုယ်တိုင်ဖန်တီးထားသည့် အဖွဲ့အစည်းများတွင် တူညီသော ရပ်တည်ချက်များအပေါ် အခြေခံကာ အတူတကွလက်တွဲလုပ်ဆောင်ကြမည်ဆိုလျှင် ယင်းသို့သော လုပ်ဆောင်မှုကို မိမိတို့အားလုံးက ကြိုဆိုကြရမည်ဖြစ်သည်။

ယခုအခါ ထိုသို့သောအခြေအနေများဖြင့်ထွက်ပေါ်လာသော နိုင်ငံတကာအဖွဲ့အစည်းများစွာရှိလာပြီကို မိမိတို့အားလုံးမျက်ဝါးထင်ထင် တွေ့မြင်လာရပြီဖြစ်သည်။

ထိုအဖွဲ့အစည်းများအနက် အထင်ရှားဆုံးသောအဖွဲ့အစည်းတစ်ခုမှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ပင်ဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။

ထိုအဖွဲ့ကြီး၏ထိပ်သီးညီလာခံကို ယခုသီတင်းပတ်အတွင်းမှာပင် ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့၌ ကျင်းပပြီးခဲ့ပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် နယ်မြေပမာဏအကြီးမားဆုံးနှင့် လူဦးရေအများဆုံးသောဒေသတွင်းအဖွဲ့အစည်းဖြစ်လာပြီဖြစ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ထိပ်သီးညီလာခံသို့ ကမ္ဘာ့ခေါင်းဆောင် ၁၆ ဦးတက်ရောက်ခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ထူးခြားသောဝိသေသတစ်ခုမှာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ကျိုးစီးပွားများ၊ စံနှုန်းသတ်မှတ်ချက်များကို ကျန်အဖွဲ့ဝင်နိုင်ငံများက ဆောင်ရွက်ပေးရခြင်းမျိုးမဟုတ်ဘဲ သာတူညီမျှရှိမှု၊ အပြန်အလှန်အကျိုးရှိမှု၊ မတူကွဲပြားမှုကိုလက်ခံမှုစသော ရှန်ဟိုင်းစိတ်ဓာတ်ကို လက်ကိုင်ထားခြင်းဖြစ်သည်။

ထိုသို့သောနည်းဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် တစ်ဦးတစ်ယောက်ကောင်းစားရေးအတွက် အများက အနစ်နာခံဖန်တီးပေးရမှုထက် အပြန်အလှန်အကျိုးရှိမှုအပေါ်အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုပုံစံအသစ်အတွက် ပြယုဂ်တစ်ခုဖြစ်လာသည်။

၂၀၀၁ ခုနှစ်တွင်စတင်ဖွဲ့စည်းလိုက်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ပထမအဆင့်လုပ်ဆောင်မှုများတွင် ဒေသတွင်းတည်ငြိမ်ရေးအတွက် ခိုင်မာသောဆုံးဖြတ်ချက်ချမှတ်ခြင်းလည်း ပါဝင်သည်။

အဆိုပါတိုးတက်အောင်မြင်မှုများက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို စတင်တည်ထောင်ခဲ့သည့် နိုင်ငံများ၏ ပြင်းပြသောဆန္ဒကို ထင်ဟပ်စေခြင်းဖြစ်သည်။

ထိုဆန္ဒမှာ ၎င်းတို့၏အပြန်အလှန်ပတ်သက်ဆက်နွယ်မှုရှိသောအဝန်းအဝိုင်းအတွင်း အတိုက်အခံလုပ်ဆန့်ကျင်မှုများကင်းရှင်းစေရေးဖြစ်သည်။

နှစ်နိုင်ငံဆက်ဆံရေးတွင် တွေ့ကြုံရင်ဆိုင်နေရသော ထိုအဖွဲ့ဝင်နိုင်ငံများ၏ ပြဿနာများအားလုံးနီးပါးကိုလည်း ယခုအခါဖြေရှင်းပြီးသွားပြီဖြစ်သည်။

သို့သော် သဟဇာတဖြစ်မှုနှင့်ချမ်းသာကြွယ်ဝမှုကိုရရှိစေရေးတို့အတွက်ဆိုလျှင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ခရီးရှည်ကြီးကို ဆက်လက်လျှောက်လှမ်းရဦးမည်ဖြစ်သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ယူရေးရှားဒေသ၏ပထဝီနိုင်ငံရေးဗဟိုချက်ဖြစ်လာစေရေးအတွက် လိုအပ်သည့် အဓိကလုပ်ငန်းမှာ ပြင်ပမှစွက်ဖက်မှုများနှင့်ရင်ဆိုင်နေရသည်ဟုယူဆရသည်။

အတိအကျဆိုရလျှင် အနောက်နိုင်ငံများက လုပ်နေကျပုံစံဖြစ်သော ယူရေးရှားဒေသနိုင်ငံများ၏ရပ်တည်မှုနှင့် နိုင်ငံခြားရေးမူဝါဒတို့အပေါ် လွှမ်းမိုးလာမှုဖြစ်သည်။

ထို့ကြောင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က အပြန်အလှန်ယုံကြည်မှုကို အလေးထားသော ယူရေးရှားဒေသ လုံခြုံရေးနယ်ပယ်တစ်ခုကို ဖန်တီးထားသည်။

ထိုကဲ့သို့သောဖန်တီးနိုင်မှုက အရေးအကြီးဆုံးသော တိုးတက်အောင်မြင်မှုပင်ဖြစ်သည်။ ထိုအောင်မြင်မှုကို ထိန်းသိမ်းပြီး ဆက်လက်ဖွံ့ဖြိုးအောင်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ပြင်ပရှိနိုင်ငံများက ထိုအဖွဲ့ကိုရှုမြင်ရာတွင် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ယုံကြည်မှုရှိခြင်းက ၎င်းတို့အတွက် ဆွဲဆောင်မှုဖြစ်သည်ဟု ရှုမြင်နေခြင်းဖြစ်သည်။

ထို့ပြင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ထိပ်သီးညီလာခံ၌ အဖွဲ့ဝင်မဟုတ်သောနိုင်ငံများက ပါဝင်တက်ရောက်လာခြင်းမှာ ထိုအဖွဲ့သည် ၎င်းတို့၏နိုင်ငံများအတွက် အချုပ်အခြာအာဏာကို အာမခံချက်ပေးနိုင်သည့်အဖွဲ့ဟု ရှုမြင်ထားခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် ယနေ့အချိန်အခါတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က နိုင်ငံတကာအတွက် အရှိတရားအသစ်တစ်ခုကိုဖန်တီးပြီး ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံးအတွက် အရေးကြီးသော ပြဿနာကို ဖြေရှင်းပေးနေပြီဟု ဆိုရမည်ဖြစ်သည်။

အဆိုပါအရေးကြီးသောပြဿနာမှာ ပြည်တွင်းရေးနှင့်နိုင်ငံခြားရေးမူဝါဒတို့ကို လွတ်လပ်စွာအကောင်အထည်ဖော်မှုအပေါ်ကာကွယ်ရေးဖြစ်သည်။

ထိုစိတ်ကူး အကြံအစည်များကို အက်စတာနာကြေညာချက်တွင် ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။ ထိုသို့ဖော်ပြမှုသည် ထိပ်သီးညီလာခံသို့တက်ရောက်လာသည့်နိုင်ငံများအနေဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာအဆင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်လုံခြုံရေးဆိုင်ရာ အဓိကကိစ္စရပ်များအပေါ်ထားရှိသည့်ရပ်တည်ချက်ကို ထင်ဟပ်စေသည်။

ထို့ပြင် တစ်ကမ္ဘာလုံးညီညွတ်မှုရှိစွာငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ပဏာမခြေလှမ်းကိုလည်း အဆိုပါကြေညာချက်တွင် ထည့်သွင်းခဲ့သည်။

ယင်းအတွက်ကြောင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် အပြည်ပြည်ဆိုင်ရာလုံခြုံရေးကို သေချာစေမည့် ငြိမ်းချမ်းရေးအတွက် ပုံသေနည်းတစ်ခုကို ပူးတွဲရှာဖွေရာတွင် နိုင်ငံရေးနည်းလမ်းများ၊ သံတမန်ရေးနည်းလမ်းများကို အသုံးပြုသွားမည်ဖြစ်သည်။

ယခုကျင်းပပြီးစီးသွားပြီဖြစ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ထိပ်သီးညီလာခံသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင်တက်ရောက်ခဲ့သည်။ ထိုသို့တက်ရောက်မှုသည် ပထမဆုံးအကြိမ်လည်းဖြစ်သည်။

ကုလသမဂ္ဂသည် ကမ္ဘာကြီးအစီအစဉ်တကျရှိမှုအတွက် အဓိကအကျဆုံးသော အဖွဲ့အစည်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ထိုသို့တည်ရှိနေစေရေးအတွက်လည်း ရုရှား၊ တရုတ်နှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် နိုင်ငံများအားလုံးက ဦးစားပေးအဖြစ်သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ကုလသမဂ္ဂသည် တစ်ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်အဟောင်းကို ကာကွယ်လိုသူများနှင့် အစီအစဉ်အသစ်ကိုဖန်တီးလိုသူများအကြားတွင် ဟန်ချက်ညီမျှအောင်ထိန်းသိမ်းပေးရမည်ဖြစ်ပြီး ထိုတာဝန်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ထမ်းဆောင်ရမည်ဖြစ်သည်။

အစီအစဉ်အဟောင်းနှင့်မတူသည့် အချက်မှာ တစ်ကမ္ဘာလုံးဆိုင်ရာအစီအစဉ်အသစ်သည် နိုင်ငံများအကြားအပြန်အလှန်ညှိနှိုင်းသဘောတူမှု၏ ရလဒ်ဖြစ်လာမည်ဖြစ်သည်။

သို့သော် ထိုရလဒ်ကိုရရှိစေရေးအတွက် လျှောက်လှမ်းရမည့်ခရီးလမ်းမှာရှည်လျားပြီး ခက်ခဲမှုများနှင့်ရင်ဆိုင်ရမည့်အပြင် နိုင်ငံတကာလုံခြုံရေးအတွက် စွန့်စားမှုများစွာလည်းပါဝင်မည်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ယခုထိပ်သီးညီလာခံသို့ ပါဝင်တက်ရောက်မှုသည် ကမ္ဘာ့ရေးရာများတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အမြင့်ဆုံးသောလုပ်ပိုင်ခွင့်အာဏာကို အသိအမှတ်ပြုလိုက်သကဲ့သို့ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအဓိကပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာနှင့် အချို့သောခြိမ်းခြောက်မှုများကိုကာကွယ်ရာတွင် ပူးပေါင်းဆောင်ရွက်မှုသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့လုပ်ဆောင်မှု၏ တတိယနယ်ပယ်ဖြစ်သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ထိပ်သီးညီလာခံအဆုံးတွင် ၂၀၃၅ ခုနှစ်အထိ ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာနှင့် ၂၀၃၀ ပြည့်နှစ်အထိ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာတို့ကို ချမှတ်လိုက်သည်။

ဒုတိယမဟာဗျူဟာမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့နယ်ပယ်၊ လျှပ်စစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်မှုအတွက် တွန်းအားအသစ်များကို ထွက်ပေါ်လာစေမည်ဖြစ်သည်။

ဒေသတွင်းတည်ငြိမ်ရေးကိုထိန်းသိမ်းခြင်း၊ တစ်ကမ္ဘာလုံးဆိုင်ရာအစီအစဉ်ကို ခိုင်မာစေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံရေးဆိုင်ရာ လက်တွေ့ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းဟူသည့် အလွန်အရေးကြီးသော နယ်ပယ်သုံးရပ်တွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မည်ကဲ့သို့ အတူတကွလက်တွဲဆောင်ရွက်နိုင်သည်ကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ဥပမာပြထားသည်။

အနောက်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုသည် လက်ရှိတွင်ခက်ခဲနေသော်လည်း ထိုသို့သောပူးပေါင်းဆောင်ရွက်မှုက အခြေခံသဘောတရားအားဖြင့်ဖြစ်နိုင်သည်ကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏လုပ်ဆောင်မှုများနှင့် တိုးတက်အောင်မြင်မှုများက သက်သေပြနေသည်။

ယနေ့အချိန်အခါတွင် ကမ္ဘာကြီးသည် ထိန်းချုပ်မှုမဲ့သော ပရမ်းပတာဖြစ်သည့် အခြေအနေသို့ ဦးတည်နေခြင်းမဟုတ်ဘဲ နိုင်ငံအများစုအနေဖြင့် ၎င်းတို့၏ဆက်ဆံရေးများကို ယဉ်ကျေးသောပုံစံဖြင့် ဆောင်ရွက်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိသည်။

ထိုသို့သောအခြေအနေမျိုးတွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကမ္ဘာကြီးအစီအစဉ်တကျရှိမှုတို့အတွက် ထင်ရှားသောပြယုဂ်တစ်ခု ဖြစ်လာနေပြီဖြစ်ပေသည်။ ။

***Ref: Global Times***

တိုကျို၊ ရာသီဥတု

## ဂျပန်နိုင်ငံက ထူးကဲအပူလှိုင်းဖြတ်မှုနှင့်ရင်ဆိုင်နေရ

ဂျပန်နိုင်ငံရှိ တိုကိုင်းဒေသမှ ကန်တိုဒေသအထိပါဝင်သော ဒေသတစ်လွှားတွင် ထူးကဲအပူလှိုင်းဖြတ်မှုနှင့်ရင်ဆိုင်နေရပြီး အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်နီးပါးရှိလာကြောင်း သိရသည်။

ထို့ကြောင့် ဂျပန်မိုးလေဝသဌာနက စီရင်စု ၂၆ ခုအတွက် အပူလျှပ်မှုသတိပေးချက်များထုတ်ပြန်ထားကာ ပြည်သူများအနေဖြင့်လည်း အပူဒဏ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရန် တိုက်တွန်းထားသည်။

ဂျပန်နိုင်ငံတစ်ဝန်း၌ အပူချိန်သည် လျော့နည်းကျဆင်းမည့်လက္ခဏာမရှိသေးဘဲ နေ့အပူချိန်များမှာ ၃၅ ဒီဂရီစင်တီဂရိတ်ကျော်သည်အထိ မြင့်တက်လာနိုင်သည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ဇူလိုင်လ ၇ ရက်တွင် တိုကျိုမြို့ရှိ နေ့အပူချိန်မှာ ၃၆ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိပြီး ကျန်ဒေသများတွင်လည်း နေ့အပူချိန်များ ဆက်လက်မြင့်တက်သည်ဟု မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

တစ်ချိန်တည်းမှာပင် မယ်ဘာရှီနှင့် ချီချီဘူမြို့တို့တွင် နေ့အပူချိန်သည် ၃၉ ဒီဂရီစင်တီဂရိတ်အထိရောက်ရှိပြီး ကန်တိုဒေသရှိ အချို့သောနယ်မြေများတွင် ၄၀ ဒီဂရီစင်တီဂရိတ်အထိရောက်ရှိသည်။

ထို့ပြင် အပူလှိုင်းဖြတ်မှုနှင့်ရင်ဆိုင်ရသောကြောင့် ဒေသအများအပြားတွင် အပူလျှပ်မှုဖြစ်စဉ်များဖြစ်ပွားကာ သက်ကြီးရွယ်အိုနှစ်ဦးသေဆုံးသည်။

အလားတူ တိုကျိုမြို့တွင် အပူချိန်မြင့်တက်ခြင်းနှင့်ဆက်စပ်သော အရေးပေါ်အခြေအနေဖြစ်ပွားသူ ၁၁၉ ဦးရှိကြောင်းနှင့် ထိုအထဲတွင် စိုးရိမ်ရသူသက်ကြီးရွယ်အိုသုံးဦးပါရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် ဒေသခံများ အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များသည် လေအေးပေးစက်များကို သင့်လျော်သလိုအသုံးပြုရန်၊ ရေမဆာသည့်တိုင် ရေဓာတ်လုံလောက်မှုရှိအောင်နေထိုင်ရန်၊ မလိုအပ်ဘဲ အပြင်ထွက်ခြင်းနှင့် လေ့ကျင့်ခန်းလုပ်ခြင်းကိုရှောင်ကြဉ်ရန် တာဝန်ရှိသူများက သတိပေးထားကြောင်း သိရသည်။

***Ref: Xinhua***



ဝါရှင်တန်၊ နိုင်ငံရေး

## သမ္မတရွေးကောက်ပွဲတွင် ဂျိုးဘိုင်ဒင်ရှုံးမည်ကို NATO တာဝန်ရှိသူများစိုးရိမ်နေ



ယခုနှစ်နိုဝင်ဘာလတွင်ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတဂျိုးဘိုင်ဒင် ရှုံးနိမ့်သွားမည်ကို NATO တာဝန်ရှိသူများက စိုးရိမ်နေကြောင်းသိရသည်။

ဂျိုးဘိုင်ဒင်၏ပြိုင်ဘက်ဖြစ်သည့် ဒေါ်နယ်ထရမ့်အနေဖြင့် ရွေးကောက်ပွဲတွင်အနိုင်ရပြီး နိုင်ငံရေးစင်မြင့်ပေါ် ပြန်လည်ရောက်ရှိလာပါက အမေရိကန်နှင့် NATO တပ်ဖွဲ့ဝင်နိုင်ငံများကြား မဟာမိတ်ဆက်ဆံရေးကို ပျက်စီးစေမည်ဟု အဆိုပါတာဝန်ရှိသူများက ယုံကြည်နေကြောင်း Politico သတင်းဌာနကဖော်ပြထားသည်။

ထို့ပြင် ရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့်သာ ပြန်လည်ရွေးကောက်ခံရပါက လက်ရှိယူကရိန်းဘက်မှပါဝင်ဆောင်ရွက်နေသည့် NATO တပ်ဖွဲ့၏ စစ်ရေးလုပ်ဆောင်ချက်များပျက်စီးသွားနိုင်သည်ဟုလည်း ထိုတပ်ဖွဲ့မှတာဝန်ရှိသူများကယုံကြည်နေသည်ဟု ယင်းတပ်ဖွဲ့နှင့်နီးစပ်သူများ၏ ပြောဆိုမှုကိုကိုးကား၍ Politico သတင်းဌာနကဖော်ပြထားခြင်းဖြစ်သည်။

"ကျွန်တော်တို့ကတော့ ထရမ့်နဲ့နောက်တစ်ကြိမ်ဆက်ဆံရမှာကိုရှောင်ရှားနိုင်ရေးအတွက် ဘိုင်ဒင်ကို ဒုတိယသက်တမ်းမှာလည်းအနိုင်ရစေချင်ပါတယ်။ တကယ်တမ်းမှာတော့ ဒီကိစ္စဟာပူပန်နေရတဲ့အခြေအနေဖြစ်နေပါတယ်" ဟု တာဝန်ရှိသူတစ်ဦးကပြောကြောင်း သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

အလားတူ NATO တပ်ဖွဲ့တာဝန်ရှိသူများသည် ဂျိုးဘိုင်ဒင်၏အသက်အရွယ်နှင့် ကျန်းမာရေးအပေါ်တွင်လည်း စိုးရိမ်မှုများရှိနေသည်ဟု ယင်းတပ်ဖွဲ့နှင့်နီးစပ်သူများကပြောသည်။

"တကယ်လို့ ဂျိုးဘိုင်ဒင်အနေနဲ့ ရွေးကောက်ပွဲမှာနိုင်ခဲ့ရင်တောင်မှ သူ့အနေနဲ့ နောက်ထပ်လေးနှစ်တာကာလကို တောင့်ခံနိုင်ပါ့မလားဆိုတာမသေချာပါဘူး"ဟု NATO တပ်ဖွဲ့တာဝန်ရှိသူတစ်ဦးကပြောသည်။

ဒေါ်နယ်ထရမ့်နှင့် လုပ်ဆောင်သော ပထမအကြိမ်စကားစစ်ထိုးပွဲတွင် ဂျိုးဘိုင်ဒင်သည် လက်ရှိသမ္မတတစ်ဦးအနေဖြင့် မည်သို့မျှမဖြစ်သင့်သည့် အခြေအနေများဖြစ်ပေါ်ခဲ့သောကြောင့် ဒီမိုကရက်တစ်ပါတီမှနိုင်ငံရေးသမားများ၊ အလှူရှင်များနှင့် အခြားသော ထောက်ပံ့ပေးနေသူများက ဂျိုးဘိုင်ဒင်ကို ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းအဖြစ်မှဖယ်ရှားရန် တောင်းဆိုလာကြောင်း သိရသည်။

***Ref: Sputnik***

ဘန်ကောက်၊ ပြည်တွင်းရေး

## ထိုင်းက ဆေးခြောက်နှင့်ဆေးခြောက်ပင်ကို မူးယစ်ဆေးဝါးအဖြစ် ပြန်လည်သတ်မှတ်ရန် မူးယစ်ထိန်းချုပ်ကော်မတီသဘောတူ

ထိုင်းနိုင်ငံရှိ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မတီက ဆေးခြောက်နှင့်ဆေးခြောက်ပင်ကို မူးယစ်ဆေးဝါးအဖြစ်ပြန်လည်သတ်မှတ်ရန် သဘောတူလိုက်ကြောင်း သိရသည်။

ဆေးခြောက်ကို အပန်းဖြေမှုအတွက် အသုံးမပြုသင့်ဘဲ ဆေးဝါးကုသမှုအတွက်သာလျှင် အသုံးပြုသင့်သည်ဟူသော အခြေခံသဘောတရားကို ကော်မတီဝင်များက တညီတညွတ်တည်းသဘောတူခြင်းဖြစ်သည်ဟု Bangkok Post သတင်းဌာနကဖော်ပြထားသည်။

ကော်မတီက ထိုသို့သဘောတူပြီးနောက် ၎င်းတို့၏အစီရင်ခံစာကို မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗဟိုအဖွဲ့ရုံးသို့ လာမည့်သီတင်းပတ်တွင် တင်ပြသွားမည်ဖြစ်သည်။

ဗဟိုအဖွဲ့က ထိုအစီရင်ခံစာကိုအတည်ပြုလိုက်ပါက အစားအစာနှင့်ဆေးဝါးကွပ်ကဲမှုအဖွဲ့က ဆေးခြောက်နှင့်သက်ဆိုင်သည့် ဥပဒေများကိုပြန်လည်ပြင်ဆင်ရမည်ဖြစ်ပြီး ဆေးခြောက်ပင်များကို အသုံးပြုမှုအတွက် စံသတ်မှတ်ချက်များကို ထုတ်ပြန်ပေးရမည်ဖြစ်သည်။

ထို့ကြောင့် ဆေးခြောက်နှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းအသစ်များကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် စတင်အသက်ဝင်လာစေရန်စီစဉ်ထားသည်ဟု တာဝန်ရှိသူများကပြောကြောင်း သိရသည်။

***Ref: Bloomberg***

ပေကျင်း၊ စစ်ရေး

## တရုတ်နှင့် ဘယ်လာရုစ်တပ်မတော်တို့က အကြမ်းဖက်မှုတိုက်ဖျက်ရေးပူးတွဲစစ်ရေးလေ့ကျင့်မည်



တရုတ်နှင့်ဘယ်လာရုစ်တပ်မတော်တို့က အကြမ်းဖက်မှုတိုက်ဖျက်ရေးပူးတွဲစစ်ရေးလေ့ကျင့်မှုကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Eagle Assault-2024 ဟုအမည်ပေးထားသည့် အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်ခန်းကို ဘယ်လာရုစ်နိုင်ငံ ဘရက်မြို့အနီး၌ ဇူလိုင်လ ၈ ရက်မှ ၁၉ ရက်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင်လ ၇ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုကို ဘယ်လာရုစ်နိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)တွင် တရားဝင်အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး မကြာမီလုပ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ယင်းစစ်ရေးလေ့ကျင့်မှုသည် ဒေသတွင်းအေးချမ်းတည်ငြိမ်ရေးအတွက်ဖြစ်ကြောင်း ကျွမ်းကျင်သူများကပြောသည်။

ယင်းစစ်ရေးလေ့ကျင့်ခန်းကို အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် အဓိကထားဆောင်ရွက်သွားမည်ဖြစ်သော်လည်း စစ်ရေးလေ့ကျင့်ခန်းတွင်ပါဝင်သူများသည် အမျိုးမျိုးသောပေါင်းစပ်လေ့ကျင့်ခန်းများ လုပ်ဆောင်ခြင်းအပြင် စစ်ဆင်ရေးလုပ်ငန်းအချို့ကိုလည်း လေ့ကျင့်သွားမည်ဖြစ်သည်။ လေ့ကျင့်သွားမည့် စစ်ဆင်ရေးလုပ်ငန်းများတွင် ဓားစာခံကယ်ဆယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့ကဲ့သို့ လေ့ကျင့်ခန်းများပါဝင်သည်။

ယခုကဲ့သို့ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများလုပ်ဆောင်ခြင်းသည် နှစ်နိုင်ငံတပ်မတော်များကြားတွင် အပြန်အလှန်ကူညီထောက်ပံ့နိုင်မှုမြင့်မားရေး၊ အပြန်အလှန်ဆက်ဆံမှုနက်ရှိုင်းစေရေးတို့အတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် စစ်ရေးလေ့ကျင့်ခန်း၌ပါဝင်မည့် တရုတ်တပ်မတော်မှကိုယ်စားလှယ်များက စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်များဖြင့် ဘယ်လာရုစ်နိုင်ငံသို့ ဇူလိုင်လ ၆ ရက်တွင် ရောက်ရှိလာကြောင်း ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

***Ref: GT***

ဘာလင်၊ ဘောလုံး

## ယူရို ၂၀၂၄ ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဆွစ်ဇာလန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့်အနိုင်ရရှိပြီး အင်္ဂလန်အသင်း ဆီမီးဖိုင်နယ်တက်ရောက်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ယူရို ၂၀၂၄ ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အင်္ဂလန်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ကစားခဲ့ရာ အင်္ဂလန်အသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အကြိတ်အနယ်ရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုများနှင့်အတူ နှစ်ဖက်အသင်းခံစစ်ကစားသမားများ အမှားအယွင်းမရှိကစားနိုင်ခြင်းကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင်လည်း ဂိုးကန်သွင်းခွင့်တချို့ရရှိခဲ့ကြပြီး အဆုံးသတ်ပိုင်းအားနည်းခြင်းကြောင့် သွင်းဂိုးများရရှိရန်ခက်ခဲခဲ့သော်လည်း ပွဲချိန် ၇၅ မိနစ်တွင် အမ်ဘိုလိုက ဆွစ်ဇာလန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။



အင်္ဂလန်အသင်းက ဦးဆောင်ဂိုးခွင့်ပြုပေးခဲ့ရပြီးနောက် ကစားသမားအပြောင်းအလဲပြုလုပ်ပြီး ပိုမိုတိုက်စစ်ဆင်ဖိအားပေးမှုများပြုလုပ်ခဲ့ကာ ပွဲချိန် မိနစ် ၈၀ တွင် ဆာကာ၏ အဝေးကန်သွင်းချက်ဖြင့် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲချိန် မိနစ် ၉၀ တွင် တစ်ဂိုးစီသရေရလဒ်ကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုမိနစ် ၃၀ ဆက်လက်ကစားရာတွင်လည်း နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းရာတွင် အင်္ဂလန်အသင်းမှ ပယ်မာလ်၊ ဘယ်လင်ဟာမ်၊ ဆာကာ၊ တိုနေးနှင့်အာနိုးတို့ဂိုးဝင်အောင်ကန်သွင်းယူနိုင်သော်လည်း ဆွစ်ဇာလန်အသင်းမှ ဖေဘီယန်ရှားလ်၊ ရှာကီရီနှင့် အန်ဒူနီတို့ဂိုးဝင်ခဲ့သော်လည်း အကန်ဂျီ၏ကန်သွင်းချက်ကို အင်္ဂလန်အသင်းဂိုးသမား ပစ်ဖို့ဒ်ကာကွယ်နိုင်သည့်အတွက် အင်္ဂလန်အသင်းက အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့တက်ရောက်ခဲ့ကြောင်း သိရသည်။

***Ref;Fotmob***

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

➤ အင်တာမီလန်အသင်းက နာပိုလီအသင်းမှ ကွင်းလယ်ကစားသမား ဇီလင်စကီးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ၂၀၂၈ ခုနှစ် ဇွန်လအထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

➤ ဒေါ့မွန်အသင်းက ပြီးခဲ့သည့်ဘောလုံးရာသီက ဘရိုက်တန်အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား ပါစကယ်ခရော့ကို ယူရို ၁၀ သန်းခန့်ဖြင့် ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

➤ စပိန်ကလပ် ဂီရိုနာအသင်းက မန်ယူအသင်း ရောင်းချရန် အရောင်းစာရင်းတင်သွင်းထားသည့် ကွင်းလယ်ကစားသမား ဗန်ဒီဘိခ်ကို ခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

➤ မန်ယူအသင်းက အသင်းတိုက်စစ်ပိုင်းအတွက် ဘိုလော့ဂ်နာအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် ဇာကီဇီကို ပြောင်းရွှေ့ကြေးစတာလင်ပေါင်သန်း ၄၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ထားကြောင်း သိရသည်။

➤ အာဆင်နယ်အသင်းက ဘိုလော့ဂ်နာအသင်း ကစားသမား ကာလာဖီအိုရီကိုခေါ်ယူနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

***Ref;Fabrizio Romano***

လန်ဒန်၊ ဘောလုံး

## လီဗာပူးအသင်းနည်းပြဆလော့ တိုက်စစ်မှူးဒါဝင်နူနက်စ်ကို ရောင်းချမည်မဟုတ်ဘဲ အသင်းတွင် နေရာပေးမည်ဖြစ်ကြောင်းပြောကြား

လီဗာပူးအသင်းနည်းပြ ဆလော့က အသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်မှူး ဒါဝင်နူနက်စ်ကို နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချမည်မဟုတ်ဘဲ အသင်းတွင် နေရာပေးမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက် ၂၅ နှစ်အရွယ် ဒါဝင်နူနက်စ်သည် ဘင်ဖီကာအသင်းတွင်ကစားစဉ်က သွင်းဂိုးများစွာသွင်းယူနိုင်ခဲ့ပြီး ထိပ်တန်းကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လီဗာပူးအသင်းသို့ မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ပြောင်းရွှေ့ကစားပြီးနောက် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရခြင်းဖြစ်သည်။

ဒါဝင်နူနက်စ်သည် အသင်းနှင့်ပထမဆုံးဘောလုံးရာသီတွင် ၄၂ ပွဲကစားရာ ၁၅ ဂိုးသာ သွင်းယူနိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ၅၄ ပွဲတွင် ၁၈ ဂိုးသာသွင်းယူနိုင်ပြီး အပိုင်ဂိုးသွင်းခွင့်များကို လွဲချော်ကာ ရုန်းကန်ရပြီးနောက် လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဆလော့က ဒါဝင်နူနက်စ်၏အနာဂတ်နှင့်ပတ်သက်၍ "ဒါဝင်နူနက်စ်အနေနဲ့ ကစားလိုတဲ့ကစားကွက်မှာ အံဝင်အောင်ကစားနိုင်မယ်လို့ယုံကြည်ပါတယ်။ သူက အသင်းမှာ အရေးပါတဲ့နေရာမှာရှိနေမှာပါ။ သူ့ကစားပုံကိုနှစ်သက်လို့ သူ့ကို ရောင်းချမှာမဟုတ်ဘဲ အသင်းမှာနေရာပေးမှာပါ"ဟုပြောကြားခဲ့ကြောင်း သိရသည်။

***Ref;The Athletic***

နီယွန်၊ ဘောလုံး

## ဥရောပဘောလုံးအဖွဲ့ချုပ်က မန်ချက်စတာမြို့ခံနှစ်သင်းဖြစ်သည့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့၏ ဥရောပဝင်ခွင့်အတွက် အတည်ပြုသတ်မှတ်ပေး

ဥရောပဘောလုံးအဖွဲ့ချုပ်က မန်ချက်စတာမြို့ခံနှစ်သင်းဖြစ်သည့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့၏ ဥရောပဝင်ခွင့်သတ်မှတ်ချက်များနှင့်ပတ်သက်၍ အတည်ပြုသတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းများအရ ဥရောပအဆင့်ပြိုင်ပွဲများဖြစ်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် ယူရိုပါလိဂ်ပြိုင်ပွဲတို့တွင် အသင်းပိုင်ရှင်တူနှစ်သင်း ဝင်ရောက်ကစားခွင့်မပြုသည့်အချက်ကြောင့် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့အတွက် ဥရောပဝင်ခွင့်မရေမရာဖြစ်ခဲ့ခြင်းဖြစ်သည်။

လာမည့်ဘောလုံးရာသီတွင် မန်စီးတီးအသင်းက ချန်ပီယံလိဂ်ဝင်ခွင့်ရရှိထားပြီး မန်ယူအသင်းက ယူရိုပါလိဂ်ဝင်ခွင့်ရရှိထားသည်။

လာမည့်ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့် ဂီရိုနာအသင်းတို့သည် City Group က ပိုင်ရှင်တူအသင်းများဖြစ်ပြီး နှစ်သင်းစလုံးချန်ပီယံလိဂ်ဝင်ခွင့်ရရှိထားသကဲ့သို့ မန်ယူအသင်းနှင့် နိုက်စ်အသင်းတို့သည်လည်း ရက်ကလစ်ဖ်ပိုင်ဆိုင်သည့် ပိုင်ရှင်တူအသင်းများဖြစ်သည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်၏စည်းမျဉ်းများကြောင့် အစောပိုင်းက အဆိုပါလေးသင်းစလုံး ဥရောပဝင်ခွင့်အတွက် မရေမရာဖြစ်ခဲ့ခြင်းဖြစ်သည်။



သို့သော် ဥရောပဘောလုံးအဖွဲ့ချုပ်က အဆိုပါအသင်းလေးသင်းစလုံးကို ပုံမှန်အတိုင်းကစားခွင့်ပေးခဲ့သော်လည်း ပိုင်ရှင်တူအသင်းများကြား ကစားသမားအပြောင်းအရွှေ့ကို တစ်နှစ်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

***Ref;Goal.com***

နေပြည်တော်  ဇူလိုင်  ၇

# ဧရာဝတီတိုင်းဒေသကြီးအတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့ Community Centre သို့ ရောက်ရှိပြီး လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လူငယ်လူရွယ်များကို အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားတတ်မြောက်စေပြီး ကိုယ်ပိုင်လုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် အမှန်တကယ်ဝင်ရောက်လုပ်ကိုင်နိုင်ကာ ဝင်ငွေများရရှိစေရန်ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်းများအပါအဝင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းပြီးဆုံးပါက အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများကို လုပ်ငန်းသုံးပစ္စည်းများ မတည်ရင်းနှီးပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် Grade-9 အောင်မြင်ပြီးသူများအနေဖြင့် သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများတွင် အခမဲ့တက်ရောက်နိုင်ကြောင်း၊ အဆိုပါသင်တန်းကျောင်းတက်ရောက်ပြီးပါက ထူးချွန်သူများအနေဖြင့် သမဝါယမကောလိပ်များ၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ဆက်လက်ပေါင်းကူးတက်ရောက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားကာ သင်တန်းသား၊ သင်တန်းသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေ ၁၆၅၅ အိမ်၊ လူဦးရေ ၈၈၈၄ ဦးတို့ကို အကျိုးပြုပေးနိုင်မည့် ဆုတောင်းပြည့်ကျေးရွာအဝင်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်နှင့် လမ်းရေရှည်ကောင်းမွန်စေရေး ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် အိုးဘို-ချောင်းကလေးလမ်းပေါ်ရှိ ကျုံပတောချောင်းကူး ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ချောင်းကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံကာ ဆရာ၊ ဆရာမများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်း ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှုနှင့် ဆုတောင်းပြည့်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်ရန်လျာထားသည့် မြေနေရာကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ်ရှိ ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၆၅၉ အိမ်၊ လူဦးရေ ၃၄၇၈ ဦးတို့ကို အကျိုးပြုပေးနိုင်မည့် မရမ်း-ကျုံဖားကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် မြေနုကျေးရွာရှိ Global Earth Agro & Aqua Industry Public ကုမ္ပဏီလီမိတက်သို့ရောက်ရှိပြီး သမဝါယမစာရင်းရေးစာရင်းကိုင်သင်တန်းကျောင်း(ပုသိမ်)မှ ကျောင်းဆင်းပြီး ကုမ္ပဏီလုပ်ငန်းခွင်ဝင်ရောက်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၇ ရွာမှ သမဝါယမအသင်း ၃၄ သင်းရှိ အသင်းသားတောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားတက်ရောက်သည်။

တွေ့ဆုံပွဲတွင် Global Earth Agro & Aqua Industry Public ကုမ္ပဏီဥက္ကဋ္ဌက စပါးခွံအသုံးပြုပြီး Gasifier နှင့် Gas Engine ဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်၍ ယခုအခါ စမ်းသပ်လည်ပတ်နေမှု၊ စပါးခွံအသုံးပြုပြီး Gasifier နှင့် Gas Engine ဖြင့် လျှပ်စစ်ဓာတ်ထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် စပါးခွံလိုအပ်မှု၊ ငါးအစာတောင့်ထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် ဖွဲနုများ လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံအမြန်လည်ပတ်နိုင်ရေးနှင့် ငါးတန်ငါးသားပေါက်များ ပိုမိုထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စက်ရုံအတွက်လိုအပ်သော စပါး၊ စပါးခွံများ၊ ဖွဲနုများရရှိရေး သမဝါယမအသင်းသားတောင်သူများနှင့်ချိတ်ဆက်၍ သမဝါယမစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ကျေးရွာနေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာတင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ စက်ရုံအတွင်း ငါးတန်ငါးသားပေါက်များထုတ်လုပ်နေမှု၊ ငါးအစာတောင့် ထုတ်လုပ်သည့်စက်ရုံ၊ ငါးအသားလွှာနှင့် အခြားတန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်မည့်စက်ရုံနှင့် ငါးအအေးခန်းသိုလှောင်ရုံတည်ဆောက်နေမှု၊ စပါးခွံအသုံးပြုပြီး Gasifier နှင့် Gas Engine ဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ စမ်းသပ်လည်ပတ်နေမှုနှင့် စပါးခွံသိုလှောင်ရုံတည်ဆောက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်းမြို့နယ် ကညင်ကောက်ကြီး ကျေးရွာအုပ်စု အုတ်ဖိုကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

နေပြည်တော်  ဇူလိုင်  ၇

# မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA)၏ ကောဒသမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက်





မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ ဧကာဒသမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ MELIA Yangon Hotel ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MOEAA)မှ အသင်းဝင်အေဂျင်စီများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနသည် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ ပြည်ပနိုင်ငံသို့ သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားစာရင်းများရရှိနိုင်ရေး၊ အလုပ်သမားစေလွှတ်သည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှ ဝင်ငွေခွန်များ၊ ကုန်သွယ်ခွန်များကို စနစ်တကျပေးဆောင်စေ၍ နိုင်ငံတော်အတွက် ဝင်ငွေများရရှိစေရေး၊ ပြည်ပရောက်မြန်မာအလုပ်သမားများအနေဖြင့် မိသားစုလွှဲပို့ငွေ ၂၅ ရာခိုင်နှုန်းကို တရားဝင်ဘဏ်လမ်းကြောင်းများမှတစ်ဆင့် ပြန်လည်လွှဲပို့စေရေးအတွက် တာဝန်ခံစေလွှတ်သော အေဂျင်စီများက ပြည်ပရှိအလုပ်သမားများရှိရာသို့ သွားရောက်စည်းရုံးပြီး တရားဝင်လမ်းကြောင်းမှ ပို့ဆောင်စေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အလုပ်သမားများ ပြည်ပနိုင်ငံများတွင် အခက်အခဲပြဿနာ တစ်စုံတစ်ရာဖြစ်ပွား၍ အကူအညီတောင်းခံလာပါက အချက်အလက်များကိုစစ်ဆေး၍ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံအလိုက် အလုပ်သမားထွက်ခွာမှုစာရင်းများမှတစ်ဆင့် လိုအပ်သည့်မူဝါဒများ ရေးဆွဲချမှတ်နိုင်ရေး၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို စနစ်တကျမှတ်ပုံတင်ထားရှိနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသဖြင့် ဝန်ကြီးဌာန၏ကြီးကြပ်မှုအောက်တွင် လိုက်ပါဆောင်ရွက်လျက်ရှိသည့် MOEAA နှင့် အေဂျင်စီများအနေဖြင့် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများ၏အကျိုး၊ အေဂျင်စီများ၏အကျိုးအားရှေးရှု၍ လုပ်ငန်းများခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အေဂျင်စီများအနေဖြင့် အလုပ်သမားများကို ပြည်ပနိုင်ငံများသို့ စေလွှတ်ရာတွင် သတ်မှတ်ဝန်ဆောင်ခများထက် ပိုမိုကောက်ခံခြင်းမပြုရန်၊ ကျင့်ဝတ်နှင့်လျော်ညီသည့်အေဂျင်စီများဖြစ်စေရေး လိုက်နာဆောင်ရွက်ပေးကြရန်၊ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ဌာနမှသတ်မှတ်ထားသည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်ပါဆောင်ရွက်ကြရန်၊ အလုပ်သမားများအား ပြည်ပနိုင်ငံများသို့ စေလွှတ်ရာတွင် စနစ်တကျမှန်မှန်ကန်ကန် စေလွှတ်ရန်၊ မိမိတို့စေလွှတ်ထားသည့် အလုပ်သမားများအား ကူညီစောင့်ရှောက်ပေးကြရန်နှင့် အလုပ်သမားများသက်ဆိုင်ရာနိုင်ငံတွင် အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီလိုက်ပါဆောင်ရွက်၍ ကူညီဖြေရှင်းပေးရန်၊ သက်ဆိုင်ရာနိုင်ငံ၏ အလုပ်သမားဥပဒေပါ အခွင့်အရေးများ၊ အကျိုးခံစားခွင့်များ ရရှိစေရေး ကူညီဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MOEAA) ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသည့် စေလွှတ်နိုင်ငံအလိုက် အေဂျင်စီများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံ့သော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ–**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
  - ရေကို ကျိုချက်၍သောက်သုံးပါ။
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုခံယူပါက ပျောက်ကင်းအောင် ကုသနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။

ဇူလိုင်၊ ၂၀၂၄

---

ဖြူး ဇူလိုင် ၇

# ဖြူးမြို့နယ်၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ




ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ၁၁၃/၅ မိုင် အဝေးရောရေလွှဲဆည်အနီးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းစိုးက ရတနာတန်းဝင် ကျွန်းပင်ပေါက်များကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဒေဝီမေတို့ကလက်ခံရယူကြသည်။

ဆက်လက်၍ ကျွန်းပင် ၂၀၀၊ ပျဉ်းကတိုးပင် ၅၀၊ ပိတောက်ပင် ၅၀၊ မန်ဂျန်ရှားပင် ၅၀၊ ယမနေပင် ၅၀ တို့ကို ဖြူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖြူးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၇၄ ဦးတို့က စိုက်ပျိုးကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

---

ညောင်ရွှေ ဇူလိုင် ၇

# မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ဆောင်ရွက်မည့် သလဲဦးကျေးရွာအုပ်စု ကျောင်းစင်ကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ ဓမ္မာရုံ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်ရွေးချယ်ရမည့်စည်းမျဉ်းစည်းကမ်းများ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အစည်းအဝေးတက်ရောက်လာသည့်ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးသည်။

ကျောင်းစင်ကျေးရွာ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

---

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

---

ရွှေကူ ဇူလိုင် ၇

# ရေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်၍ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂) ရပ်ကွက်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်ကြသော ရေဘေးသင့်အိမ်ထောင်စုများအား ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပေးအပ်သည့် ထောက်ပံ့ငွေများအား ပြည်သူများ လက်ဝယ်အရောက်ပေးအပ်ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ငွေပေးအပ်ရာတွင် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ အဖွဲ့ဝင်မြို့နယ်ရဲမှူးမြင့်ဇော်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရွှေကူမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တာဝန်ခံ ဦးတိုးတိုးထွန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ပပသိန်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများပါဝင်သောအဖွဲ့က ဆန်ရိက္ခာဖိုးငွေအဖြစ် ရေဘေးသင့်ပြည်သူ ၂၀၄ ဦးအတွက် ၁၄ ရက်စာ စုစုပေါင်းငွေကျပ် ၈၅၆၈၀၀ ကို လက်ဝယ်အရောက်ပေးအပ်သည်။

အလားတူ ဇူလိုင်လ ၆ ရက် နံနက်ပိုင်းတွင်လည်း အမှတ်(၃) ရပ်ကွက်၊ အမှတ်(၄) ရပ်ကွက်နှင့် တောပုန်းကျေးရွာတို့မှ ရေဘေးသင့်ပြည်သူ ၅၁၁ ဦးတို့အတွက် စုစုပေါင်းငွေကျပ် ၂၁၄၆၂၀၀ တို့ကို သွားရောက်ပေးအပ်ကြကြောင်း သိရသည်။

**ရွှေကူ မြို့နယ်(ပြန်/ဆက်)**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

မြင်းခြံ ဇူလိုင် ၇

# မြင်းခြံမြို့တွင် ဆောင်းပဲတီစိမ်းများ ရိတ်သိမ်းပြီးစီး၍ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ဆောင်းပဲတီစိမ်းများ ရိတ်သိမ်းပြီးစီး၍ မေလနှင့် ဇွန်လတို့တွင် ဈေးကွက်အတွင်းသို့ဝင်ရောက်လာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

မြင်းခြံမြို့ရှိ ဒေသခံတောင်သူများသည် ရာသီအလိုက် ပဲမျိုးစုံ၊ နှမ်း၊ ဝါနှင့် ကြက်သွန်တို့ကို အများဆုံးစိုက်ပျိုးပြီး ဆောင်းပဲတီစိမ်းကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စတင်စိုက်ပျိုး၍ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် ရိတ်သိမ်းလေ့ရှိကြောင်း၊ ဆောင်းပဲတီစိမ်းကို မေလနှင့် ဇွန်လတို့တွင် ဈေးကွက်အတွင်းသို့ဝင်ရောက်လာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဆောင်းပဲတီစိမ်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြင်းခြံမြို့၌ ၆၁၇၆ ဧက စိုက်ပျိုးထားရှိပြီး စိုက်ဧကအားလုံးရိတ်သိမ်းပြီးဖြစ်ရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ ၁၂ ဒသမ ၅၈ တင်းဖြင့် စုစုပေါင်း ၇၇၆၇၀ တင်းထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မြင်းခြံ၊ နွားထိုးကြီး ဈေးကွက်များမှတစ်ဆင့် မန္တလေးသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

နေပြည်တော် ဇူလိုင် ၇

# စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးပရိဝုဏ်အတွင်းရှိ မာရဝိဇယဗုဒ္ဓဆင်းတုတော်မြတ်ကြီးနှင့် အဘယရာဇမုနိဗုဒ္ဓဆင်းတုတော်မြတ်ကြီး (၂)ဆူတို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်



ရခိုင်ပြည်နယ်၊ စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မာရဝိဇယဗုဒ္ဓဆင်းတုတော်မြတ်ကြီးနှင့် အဘယရာဇမုနိဗုဒ္ဓဆင်းတုတော်မြတ်ကြီး (၂)ဆူတို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပစဉ်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မာရဝိဇယဗုဒ္ဓဆင်းတုတော်မြတ်ကြီးနှင့် အဘယရာဇမုနိဗုဒ္ဓဆင်းတုတော်မြတ်ကြီး (၂)ဆူတို့အား ဗုဒ္ဓါဘိသေကအနေကဇာ တင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ပြုလုပ်ရာ ပြည်နယ်သြဝါဒါစရိယ၊ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒသီရိအမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံဃာတော်များက မာရဝိဇယဗုဒ္ဓဆင်းတုတော်မြတ်ကြီးနှင့် အဘယရာဇမုနိဗုဒ္ဓဆင်းတုတော်မြတ်ကြီး (၂)ဆူတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗုဒ္ဓဆင်းတုတော်မြတ်ကြီးများအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သြဝါဒါစရိယ စစ်တွေမြို့ ပညာလင်္ကာရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာဂိန္ဒထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၇

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအားတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်မင်းမင်းစိုးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးတို့က အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်စဉ်။





**ပျောက်ဆုံးကြောင်း**
အောင်ကျော်ကျော်စိုး(ဘ)ဦးခင်မောင်ဦး ၆/လလန(နိုင်)၁၂၉၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
အုတ်ဖိုမြို့၊ သရက်ကုန်းအုပ်စု၊ ဂုံးညင်းတန်းရွာနေ မောင်အောင်တင်ဝင်း(ဘ)ဦးဌေးဝင်း ၇/အဖန(နိုင်)၁၀၆၄၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 960897)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၉၆၉၁၃**

**ပျောက်ဆုံးကြောင်း**
ဇလွန်မြို့၊ သရက်တပင်တောင်အုပ်စု၊ ကံကြီးစုရွာနေ မနီနီဝင်းရွှေ(ဘ)ဦးအေးသန်းစိုး ၁၄/ဇလန(နိုင်)၁၃၂၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 961409)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၉၆၉၁၃**

**ဖခင်အမည်မှန်**
ပဲခူးမြို့နယ်၊ အ.ထ.က ပျဉ်ပုံကြီးကျောင်း၊ Grade -12 မှ မောင်ဟံထူးဇော်၏ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး ၇/ပခန(နိုင်)၄၈၅၁၀၂ ဖြစ်ပါကြောင်း။
**ဦးကျော်ကျော်ဦး**

**အမည်ပြောင်း**
ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းနေ အဘဦးစိုးမင်းသိန်း ၁၂/သလန(နိုင်)၀၈၂၃၄၀ ၏သားမောင်လင်းသူရိန်ဦးအား မောင်သော်စင်ဘုန်းပြည့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်သော်စင်ဘုန်းပြည့်**

**ပျောက်ဆုံးကြောင်း**
အိန္ဒြာဝေ(ဘ)ဦးမင်းစိုး ၁၂/မရက(နိုင်)၁၄၃၈၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 421988)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
သိန်းဇော်(ဘ)ဦးဟန်တင် ၈/မခန(နိုင်)၁၅၂၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၂၀၃၈၁၅၁**

**ပျောက်ဆုံးကြောင်း**
ရဲမျိုးခန့်(ဘ)ဦးရဲကျော်ဝင်း ၁၂/လသန(နိုင်)၀၂၃၇၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**အမည်ပြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ အလက(ခွဲ)ဆင်နင်းပင် Grade -2 မှ အဘဦးအောင်မင်းသူ၏သား မောင်ဈာန်ရဲလင်းအား မောင်စိုင်းမြတ်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်စိုင်းမြတ်ဖြိုး**

**ပျောက်ဆုံးကြောင်း**
မင်းသန့်ကျော်(ဘ)ဦးသန်းစိုးအောင် ၈/သရန(နိုင်)၁၁၉၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 916225)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၈၁၂၈၂၅၁**

**ပျောက်ဆုံးကြောင်း**
စည်သူဝင်း(ဘ)ဦးတင်ဝင်း ၁၂/မရက(နိုင်)၁၄၂၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 421991)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ရဲထွဋ်သိန်း(ဘ)ဦးသိန်းထွန်း ၁၂/ဒဂမ(နိုင်)၀၀၄၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ချိုမာဝင်း(ဘ)ဦးဝင်းမောင် ၈/ရစက(နိုင်)၂၄၉၄၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ဖခင်အမည်မှန်**
ပျော်ဘွယ်မြို့၊ အထက-ခွဲ(ရွှေပြည်ရန်နိုင်)၊ G-5 မှ မောင်ဟိန်းထက်ဇော်၏ဖခင်အမည်မှန်မှာ ဦးဝင်းမင်းသန်း ၅/ကလန(နိုင်)၀၅၁၂၆၃ ဖြစ်ပါကြောင်း။
**ဦးဝင်းမင်းသန်း**

**ပျောက်ဆုံးကြောင်း**
အောင်အောင်(ဘ)ဦးမောင်အေး ၁၂/သခန(နိုင်)၁၁၆၁၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
နှင်းဝတ်ရည်(ဘ)ဦးမျိုးဝင်း ၁၄/အဂပ(နိုင်)၂၈၂၉၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 115558)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၆၄၁၄၅၈၀**

**ပျောက်ဆုံးကြောင်း**
နန္ဒာဝင်း(ဘ)ဦးစိုးတင့် ၁၄/မအပ(နိုင်)၃၀၈၅၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 493869)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
သန့်ဇင်ဝင်း(ဘ)ဦးထွန်းထွန်းဝင်း ၁၄/ပတန(နိုင်)၂၅၁၈၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 184698)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြခွာညိုလမ်း၊ (၂၅၂/က)နေ နော်လူးဒီ ၁၂/လသယ(နိုင်)၀၄၂၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၉၉၂၇၀၀**

**ပျောက်ဆုံးကြောင်း**
သိန်းဇော်(ဘ)ဦးပြုံးမောင် ၉/ပကခ(နိုင်)၀၁၂၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ထူးချစ်အောင်(ဘ)ဦးစိုးကြည် ၁၂/သဃက(နိုင်)၁၈၅၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 075392)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
လှိုင်ဖြိုးအောင်(ဘ)ဦးသိန်းအောင် ၆/ရဖန(နိုင်)၀၆၂၄၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 751762)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၄၂၀၈၅**

**ပျောက်ဆုံးကြောင်း**
နှင်းနန္ဒာလှိုင်(ဘ)ဦးအောင်မြင့် ၁၂/အစန(နိုင်)၂၀၈၁၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 910272)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၄၀၈၈၉၄၆၃**

ဘားအံ၊ လူမှုရေး

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်များ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

ကရင်ပြည်နယ် ဘားအံမြို့တွင် ကရင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့်ကရင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဦးစီးဌာန(ဘားအံရုံးခွဲ)တို့ပူးပေါင်း၍ အမှိုက်များစနစ်တကျခွဲခြားခြင်းနှင့် သိမ်းဆည်းခြင်း အလေ့အကျင့်ကောင်းများပေါ် ထွန်းရေးနှင့် ထုံးကျောက်တောင်ဂေဟစနစ်များအကြောင်း သိရှိစေရန် ရည်ရွယ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်များထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဘားအံတက္ကသိုလ်၊ ပြည်နယ်သစ်တောဦးစီးဌာန၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှတာဝန်ရှိသူများက သစ်တောသစ်ပင်ထိန်းသိမ်းခြင်းနှင့် ဂေဟစနစ်စီမံခန့်ခွဲမှုအကြောင်း၊ ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်များထိန်းသိမ်းရေးအကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိ သမိုင်းဝင်ဂူဘုရားများ၏ ပထဝီဝင်ဆိုင်ရာအကြောင်းများ၊ သမိုင်းဝင်ဂူဘုရားများ၏ တွေ့ရှိမှုအထောက်အထားများအကြောင်း၊ ဂူဘုရားများအတွင်း ပေါက်ပွားနေထိုင်ကြသည့် သတ္တဝါများအကြောင်း စသည်တို့ကိုဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိ သဘာဝအခြေခံခရီးသွားခရီးစဉ်ဒေသများ စီမံခန့်ခွဲမှုကော်မတီများမှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဆက်စပ်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ စုစုပေါင်း ၂၉ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ဘားအံခရိုင်(ပြန်/ဆက်)**



ရန်ကုန်၊ လူမှုရေး

## South East Asian Amateur Golf Team Championship 2024 ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း စင်ကာပူနိုင်ငံသို့ထွက်ခွာ




ဇူလိုင်လ ၉ ရက်မှ ၁၂ ရက်အထိ စင်ကာပူနိုင်ငံ Seletar Country Club ၌ ကျင်းပမည့် South East Asian Amateur Golf Team Championship 2024 ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အားကစားအသင်းသည် ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အားကစားအသင်းတွင် အဖွဲ့ခေါင်းဆောင်နှင့် Lion City Cup ပြိုင်ပွဲဝင် အသင်းမန်နေဂျာအဖြစ် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအောင်ကိုဇော်၊ Putra Cup ပြိုင်ပွဲဝင် အသင်းမန်နေဂျာအဖြစ် ထိုင်းပရော်ဖက်ရှင်နယ် ဂေါ့ဖ်ကစားသမား Tanapat Pichaikool၊ Kartini Cup ပြိုင်ပွဲဝင်အသင်းမန်နေဂျာအဖြစ် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်အားကစားအဖွဲ့ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်မိုးတို့လိုက်ပါသွားပြီး အားကစားသမားများအဖြစ် Putra Cup ပြိုင်ပွဲဝင်အသင်းတွင် ကျော်ကိုကိုချစ်၊ လှိုင်မင်းထက်၊ မင်းစစ်သွေးနှင့် ဟိန်းနိုင်ဇင်၊ Lion City Cup ပြိုင်ပွဲဝင်အသင်းတွင် ကောင်းထက်၊ မင်းခန့်သော်နှင့် Locadio K၊ Kartini Cup ပြိုင်ပွဲဝင်အသင်းတွင် ချိုသာအောင်၊ လကျ်ာလေးဖြူနှင့် ဆုနှင်းဖြူတို့ ပါဝင်ကြောင်း သိရသည်။ **(၅၀၀)**

နေပြည်တော်၊ စိုက်ပျိုးရေး

## ရာသီဥတုမျှတစေရေး ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိကျေးရွာများတွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုမျှတရေး၊ သစ်တောသစ်ပင် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းတွင် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပါဝင်လာစေရေး ရည်ရွယ်ချက်များဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ငွေးပင်ခေတ်မီစံပြကျေးရွာ၌ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက မိုးရာသီသစ်ပင်စိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာအလိုက် စိုက်ပျိုးရမည့်ပျိုးပင်များကို ခွဲဝေပေးအပ်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက လက်ခံရယူကြသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများနှင့်ပူးပေါင်း၍ ငွေးပင်ခေတ်မီစံပြကျေးရွာအဝင် ကွန်ကရစ်လမ်းဘေးဝဲယာနေရာများတွင် သပြေပင်၊ ရေသပြေပင်၊ မဲဇလီပင်နှင့် ယူကလစ်ပင် စုစုပေါင်း အရိပ်ရပျိုးပင် ၃၀၀ စုပေါင်းစိုက်ပျိုးကြကြောင်းသိရသည်။ **ကာရံ(ကျေးလက်)**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ် တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ် နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

တောင်ငူ ဇူလိုင် ၇

# တောင်ငူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက တောင်ငူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူကွန်ပျူတာတက္ကသိုလ်သို့ ရောက်ရှိရာ Pagoda Digital Directory webstie ဆောင်ရွက်နေသည့် တောင်ငူကွန်ပျူတာတက္ကသိုလ်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ ခပေါင်းခန်းမသို့ ရောက်ရှိ၍ ဘက်စုံပြုပြင်မွမ်းမံနေမှုအား ကြည့်ရှုစစ်ဆေးပြီး တောင်ငူမြို့ လဲဘူးကျေးရွာရှိ ကောင်းမှုတော်စေတီတော်သို့ သွားရောက်ဖူးမြော်ကာ စေတီတော်အား ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တောင်ငူမြို့ ပတ်တန်းကျေးရွာအုပ်စု၌ ပဲခူးတိုင်းဒေသကြီးမှ ထုတ်လုပ်ခဲ့သည့် လက်ဆွဲကောက်စိုက်စက်ဖြင့် တစ်ကွင်းတစ်ဆက်တည်း မြေဧရိယာ ဧက ၁၅၀ မိုးစပါးစိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုတ်တွင်းမြို့နယ် ငွေးထောက်ခင်ကျေးရွာအုပ်စု တောင်သူဦးဆန်းထွန်းဝင်း၏ ရော်ဘာခြံ ၁၀ ဧကအတွင်း ရိုဘက်စတာကော်ဖီ သီးညှပ်စိုက်ပျိုးထားရှိမှုအားလည်းကောင်း၊ ဖြူးမြို့နယ် ခင်တန်းကြီးကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ခြံလှောင်စနစ်မွေးမြူထားသည့် ဦးမျိုးကျော်၏ နို့စားနွား(ဖရီရှန်) မျိုး မွေးမြူထားရှိမှုအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

---

■ **မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ**

၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၉ မိနစ်တွင် မာ့ခ်ဆာကီက သွင်းယူနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှ မာ့ခ်ဆာကီက ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက ၄ ဂိုး ၃ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၄ မိနစ်တွင် ဝင်းမိုးကျော်၊ ပွဲချိန် ၅၄ မိနစ်နှင့် ၆၇ မိနစ်တွင် စိုးကျော်ကျော်၊ ပွဲချိန် ၈၈ မိနစ်တွင် ရန်နိုင်အောင်၊ ဒဂုံပေါ့အသင်းအတွက်သွင်းဂိုးများကို ပွဲချိန် ၉ မိနစ်နှင့် ပွဲချိန် ၇၉ မိနစ်တွင် Mogou၊ ပွဲချိန် ၄၆ မိနစ်တွင် မျိုးဆက်ပိုင်တို့ကသွင်းယူပေးခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ဒဂုံပေါ့အသင်းမှ Mogou က ဆွတ်ခူးနိုင်ခဲ့သည်။

ဆက်လက်၍ ပုသိမ်မြို့နယ်အားကစားကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံ အက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ၁ ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဧရာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် အောင်ပြည့်ဖြိုး၊ ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် ပြည့်မိုးက သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ဧရာဝတီယူနိုက်တက်အသင်းမှ ရာဇာအောင်က ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။

**စည်သူအောင်**

---

## ၈-၇-၂၀၂၄ နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

---

နေပြည်တော် ဇူလိုင် ၇

# တရားမဝင် သစ်မျိုးစုံ၊ တိရစ္ဆာန်အစားအစာကုန်ကြမ်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၃)လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်းတင်ပြလာသည့် ဘရာဇီးနိုင်ငံထုတ် တိရစ္ဆာန်အစားအစာကုန်ကြမ်း (၇၈၉၄၆) ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၆၃၀၃၇၂)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် YOTO Digital Timber Ports (၃၀)စုံ အပါအဝင် ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၅၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၉၈၀၃၇၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၇ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၇ ဒသမ ၄၁၈ တန်၊ သစ်မာ ၁ ဒသမ ၁၂၆ )တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၄၇၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင်လ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၇၀၅၀၇၂)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဇူလိုင် ၇

## ရေကြီးခြင်းသတိပေးချက်

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ခန့် (၂၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခွဲခန့် (၁၀၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခန့် (၉၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခွဲခန့် (၁၀၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခွဲခန့် (၁၀၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခန့် (၉၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် (၁၇ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခန့် (၉၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မုံရွာမြို့နယ်နှင့် မြစ်ငယ်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ရုပ်ပြောင်း ရုပ်လွှဲ၊ သို့မဟုတ် အငှားခန္ဓာမြှောင်ကြတယ်(၄)

**ယမန်နေ့မှအဆက်**

တွင်းသင်းတိုက်ဝန် မဟာစည်သူ၏ပေါရာဏကထာ အာဘော်အတိုင်း နောက်ဆရာတို့စီရင်သည်ဆိုသော ပေါရာဏကထာလင်္ကာသစ်၌လည်း "မြတ်သန္တေးကား၊ ဦးဆေးခေါင်းလျှော်၊ မျို့သစ်ခေါ်၏"ဟုပင်ပြခဲ့ပါသည်။ ဖော်ပြပါအစပ်အဖွဲ့များကိုမှီ၍ မကွေးဝန်ထောက် မင်းကြီးကျမ်းပြုစုရာတွင် "ဦးခေါင်းသန္တေး၊ မြို့သန္တေး၊ သန္တေးစင်နေ၊ ဗျာဒိတ်ရေ၊ ရေးလေတယှဉ်လျက်"ဟု ညွှန်းဆိုခဲ့ပါသည်။ "သန်"ရေးလျက် "သ"ဖတ်ရန် ဟူသော ခေါင်းစဉ်အောက်တွင် ဖြစ်ပါသည်။

ဤသို့လျှင် "သန္တေး"၏အနက်အဓိပ္ပာယ်ကို ပြည်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်တို့ကို ပူဇော်ပသသည်။ မြို့ပြပြည်ရွာစသည်တို့ ဘေးအန္တရာယ်ကင်းအောင်ပူဇော်ပသသည်။ ဂြိုဟ်စသည်ကို ပူဇော်ပသသည်ဟူ၍ မှတ်ယူသုံးနှုန်းခဲ့ကြပါသည်။ ထိုမှတစ်ဆင့် အန္တရာယ်ကင်းဝေးစေကြောင်း အညစ်အကြေးဆေးလျှော်သည်။ မင်္ဂလာအလို့ငှာ ဦးခေါင်းဆေးလျှော်သည်ဟူ၍ ဆင့်ပွားအဓိပ္ပာယ် အသုံးကြွယ်ခဲ့ကြသည်ကို မှတ်သားရပါသည်။

ယခုတစ်ဖန် "သန္တေး"နှင့်ပတ်သက်၍ အနက်လျှင်းပါးအသုံးများနေသည့် ဝေါဟာရတစ်လုံးအကြောင်းကို တင်ပြရန်ဖြစ်လာပါသည်။ ယင်းဝေါဟာရမှာ "သန္ဓေး"ဟူသောဝေါဟာရဖြစ်သည်။ နသတ်အောက်တွင် ခအောက်ခြိုက်တွဲလျက်(တဝဂ်၏စတုတ္ထက္ခရာ ဓ-နှင့်တွဲလျက်) ရေးသော"သန္ဓေး"ဟူသောဝေါဟာရဖြစ်ပါသည်။ "သန္ဓေး"၏ အနက်အဓိပ္ပာယ်ကို "ခွက်၊ ဖလား" ဟုဖွင့်ဆိုကြပါသည်။ မဃဒေဝလင်္ကာသစ်တွင် "မင်္ဂလာသန္တေး၊ ရွှေသန္ဓေးဖြင့်၊ ဦးဆေးစင်လျှော်" (မဃ*၄၁၆) ဟုစပ်ဆိုရာတွင် "မင်္ဂလာသန္တေး"၌ တဝဂ်ပထမက္ခရာတ-ဖြင့်၊ ရွှေသန္ဓေးဖြင့်၌ ခွက်၊ ဖလားဟော သန္ဓေးကို တဝဂ် စတုတ္ထက္ခရာ ဓ-ဖြင့် ရေးထုံးပြုကြောင်း ခွဲခြားမှတ်သားစေပါသည်။

အထက်တွင်ဖော်ပြခဲ့သော တွင်းသင်းမင်းကြီး အာဘော်နှင့်အညီ ဖွဲ့ဆိုသည့် ပေါရာဏကထာလင်္ကာတွင် "မြတ်သန္တေးကား၊ ဦးခေါင်းလျှော်၊ မျို့သစ်ခေါ်၏။ လူ့ဘော်ခေါ်ရေး၊ ခွက်သန္ဓေးကား၊ ငွေကြေးဖလား" ဟူ၍ "သန္တေး"(တနှင့်)နှင့် "သန္ဓေး"(ဓနှင့်)ကို ခွဲခြားပြသခဲ့ပေသည်။ အထက်တွင်ဖော်ပြခဲ့သော သတ်ထူးကျမ်းတွင်လည်း မကွေးဝန်ထောက်မင်းကြီး မဟာမင်းလှစည်သူက "ဦးခေါင်းသန္တေး၊ မြို့သန္တေး၊ သန္တေးစင်နေ၊ ဗျာဒိတ်ရေ၊ ရေးလေတယှဉ်လျက်၊ ဖလားသန္ဓေး၊ သောက်ရေကြွေး၊ ရေးလျှင် ဓနှင့်ပက်"ဟု ညွှန်းပြခဲ့ပေသည်။ ဦးခေါင်းသန္တေးခြင်း၊ မြို့သန္တေးခြင်းနှင့် သန္တေးစင်နေ၊ ဗျာဒိတ်ရေကို ပထမက္ခရာ တ-နှင့်ရေးပါ၊ ဖလားသန္ဓေးကို စတုတ္ထက္ခရာ ဓ-နှင့် ရေးပါဟု ဆိုလိုသည်။

ဤတွင် သန္တေး၊ သန္ဓေးလျှင်းပါးရောထွေးသွားရသည်မှာ ဤသို့ဖြစ်သည်။ စင်စစ်အားဖြင့် စတုတ္ထက္ခရာ ဓ-နှင့်ရေးသော သန္ဓေးဟူ၍ မရှိနိုင်ပါ။ ဦးခေါင်းသန္တေးရော၊ ဖလားသန္ဓေးပါ နှစ်ခုလုံး ပထမက္ခရာ တ-နှင့်ပင်ရှိရပါမည်။ ဦးခေါင်းဆေးလျှော်ရာတွင် အသုံးပြုသောဖလား တစ်နည်းအားဖြင့် သန္တေးဖလားဟု ဆိုခဲ့ခြင်းဖြစ်သည်။ မြန်မာစာအဖွဲ့ပြုစုသော ခရီးဆောင်မြန်မာအဘိဓာန်တွင် ပေါရာဏစကား၊ ရှေးစကားဖြစ်သော သန္တေး၏အဓိပ္ပာယ်ကို "ငြိမ်းချမ်းအောင် မင်္ဂလာပြုသည်ဟူ၍လည်းကောင်း၊ ထိုသို့ မင်္ဂလာပြုရာတွင် ရေစင်ထည့်သောဖလားဟူ၍လည်းကောင်း" ဖွင့်ပြထားပါသည်။ ဤတွင် "သန္တေး"ဖလား (ပထမက္ခရာ တ-နှင့်) ကို သန္ဓေးဖလား (စတုတ္ထက္ခရာ ဓ-နှင့်) ရေးနိုင်ကြောင်းလည်း ရှေးဆရာကြီးများအား လေးစားသဖြင့် နှစ်ချက်သင့်ဝေါဟာရအဖြစ် ပြထားပါသည်။

ရောထွေးလျှင်းပါး "သန္တေး" နှင့် "သန္ဓေး" အရေးများကို ဆက်၍ ရှင်းပြလိုသည်။ ရှေးဆရာများက သန္တေးဖလားဟုရေးရမည်ကို "ဦးခေါင်းသန္တေး"နှင့် ကွဲအောင် ပထမက္ခရာနှင့်ကွဲအောင် ပထမအက္ခရာ တ-ကို စတုတ္ထက္ခရာ ဓ-နှင့် ဖလှယ်၍ ရေးမှတ်ခဲ့ကြဟန်တူပါသည်။ အကယ်စင်စစ် ဦးခေါင်းဆေးလျှော်သည်ကိုလည်း "သန္တေး"၊ ဦးခေါင်းဆေးလျှော်ရာ၊ သန္တေးရာတွင် သုံးသောဖလားကိုလည်း "သန္တေး" ဟုပင်ရေးမှ မှန်ကန်ပါလိမ့်မည်။

ခွက်၊ ဖလားဟောသန္တေးကို ပုဂံခေတ်ကျောက်စာများတွင် တွင်တွင်ကျယ်ကျယ် ရေးထိုးကြသည်ကို များစွာတွေ့မြင်နိုင်ပါသည်။ ပုဂံကျောက်စာများတွင်မူ "သန္တေး"ဟု ဆင့်လျက်မရေးဘဲ "သန်တေ"၊ "သန်တိယ်" ဟူသာ ခွဲလျက်ရေးထိုးကြပါသည်။

လင်ပန် ၁ သန်တိယ် ၂ ခွပ် စာလောင် ၁ (လင်ပန်း ၁၊ သန္တေး ၂၊ စလောင်း ၁) (ပုံအမှတ် ၇၀၊ က ၁၂-၁၃)

လင်ပန်သန်တေ စလောင်ဘလာ သင်ပုတ်ခွက် အစုံ (လင်ပန်းသန္တေး၊ စလောင်းဖလား၊ သင်ပုတ်ခွက်အစုံ) (ပုံအမှတ် ၄၀၃/ခ၊ က ၁၅)

လင်ပန် ၂ ခ္လပ်၊ သန်တိယ် ၅ ခ္လပ်၊ စာလောင် ၁ ခ္လပ် (လင်ပန်း ၂ ချပ်၊ သန္တေး ၅ ချပ်၊ စလောင်း ၁ ခ္လပ်) (ပုံအမှတ် ၂၆၂၊ က ၂၂-၂၃။)

သန်တိယ်ဖလာအစုံပိယ်သတေ (သန္တေးဖလား အစုံပေးသတည်း)(ပုံအမှတ် ၄၂၄၊ က ၆)

ဤသည်တို့မှာ ပုဂံကျောက်စာလာသန်တိယ်၊ သန်တေအရေးအချို့ကို ထုတ်နုတ်ပြခြင်းဖြစ်ပေသည်။ ထူးခြားမှတ်သားဖွယ်ကောင်းသည်မှာ "သန္တေး"ကို မျိုးပြပစ္စည်းအနေဖြင့် "လုံး"ဟူသော မျိုးပြပစ္စည်းကိုမသုံးဘဲ "ချပ်"ဟူသော မျိုးပြပစ္စည်းကိုသာသုံးသဖြင့် "သန္တေး" သည် ယခုခေတ် "ဖလား"ကဲ့သို့ ဇောက်နက်နက်နှင့် လုံးလုံးဝန်းဝန်းအရာဝတ္ထုဟုယူဆရန်မရှိပါ။ "ချပ်" ဟူသော မျိုးပြပစ္စည်းကိုသုံးသဖြင့် လင်ပန်းကဲ့သို့၊ စလောင်းကဲ့သို့ ဇောက်မနက်သော ခပ်ပြားပြားအရာဝတ္ထုဖြစ်မည်ဟု ခန့်မှန်းရပေသည်။ ခေါင်းလျှော်ရာတွင် သန္တေးရာတွင် သုံးသောပစ္စည်းဖြစ်သည်ဟုကား သိမှတ်နိုင်ပါသည်။

ဤတွင် သန္တေးနှင့်စပ်လျှဉ်း၍ သိမှတ်ဖွယ်အစုံကို ရှင်းပြခဲ့ပြီးဖြစ်ပါသည်။ အဓိကပြောလိုသောအချက်မှာ သန္တေး၏မူလအနက်သည်

၁။ ဂြိုဟ်နတ်ပူဇော်သည်

၂။ သန့်ရှင်းစင်ကြယ်အောင်ပြုသည်

၃။ ဦးခေါင်းဆေးလျှော်သည်

၄။ ဦးခေါင်းလျှော်ရာတွင် သုံးရသောခွက်၊ ဖလားဟူသောအနက်များမှတစ်ဆင့် အသံရော၊ အရေးပါ ပြောင်းရွှေ့လျက် "စတေး"ဟူသော ဝေါဟာရအနေဖြင့် တွင်ကျယ်လာပါသည်။ စတေးကို ရှေးအခါက မြို့တည်ခြင်း၊ ကန်ဆည်မြောင်းတူးဖော်ခြင်း စသည့်ကိစ္စတို့တွင် လုပ်ငန်းပြီးဆုံးအောင်မြင်ရေးအတွက် နတ်ပသသည် ဟူသောအနက်၊ ဥပစာအားဖြင့် (ယုံကြည်ချက်အတွက်) အဆုံးရှုံးခံဆောင်ရွက်သည်ဟူသောအနက်အဓိပ္ပာယ် ဖွင့်ဆိုကြပါသည်။ ယခုအခါ တစ်ဆင့်အားဖြင့် အသက်အသေခံသည်၊ အသက်ကိုစွန့်လွှတ်သည်၊ ပစ္စည်းဥစ္စာစသည်တို့ကို အဆုံးအရှုံးခံသည်၊ စွန့်လွှတ်သည်ဟုဆိုကြပါသတည်း။ **မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။**

● **ကျောဖုံးမှအဆက်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့်(၇၈ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေကျော်ခန့်(၆၇ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၄၇ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၅ ပေကျော်ခန့်(၁၅၇ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်၊ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့်(၈၇ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေကျော်ခန့် (၆၅ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ခန္တီးမြို့နယ်၊ ဗန်းမော်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ မော်လိုက်မြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဧလ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျှဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
NAN MYAING
PURE ARABICA
Coffee
PURE ARABICA COFFEE
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
DAGON
MALTA FRESH
250 ml
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄




Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
VEGA
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁




အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

❖ ကျန်းမာကြံ့ခိုင်စေရန်အတွက် ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုများကို ဆောင်ရွက်ပေးရ. . .

❖ ခေါင်းဆောင်လုပ်မည့်သူများအနေဖြင့် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာများပြည့်ဝနေရန်လို. . .

❖ အသောက်အစားအပျော်အပါးများကို တတ်နိုင်သမျှ ဆင်ခြင်ရန်နှင့် ကိုယ့်စိတ်ကိုအလိုမလိုက်ရန်လို. . .

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော ပြင်ဦးလွင်တပ်နယ်မှ နည်းပြအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင်ကျင်းပခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက

**စာမျက်နှာ ၂၉ ကော်လံ ၁** ■



# ချင်းတွင်းမြစ်ရေနှင့် ဧရာဝတီမြစ်ရေ ခန္တီးမြို့၊ ဖန်းမော်မြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မော်လိုက်မြို့နှင့် မိုးကောင်းမြို့တို့တွင် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၇**

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁၀ ပေခန့် (၃၀၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဖန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့် (၁၀၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၆ ပေခွဲခန့် (၁၉၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၇ ပေခွဲကျော်ခန့် (၂၃၄ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စာမျက်နှာ ၃၀ ကော်လံ ၁** ●

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၇-၇-၂၀၂၄)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် (၂၅-၆-၂၀၂၄)ရက်နေ့မှစတင်၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုအဆင့်ကွင်းဆင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သည့် ကွင်းဆင်းအဖွဲ့များနှင့်ပူးပေါင်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရောဂါဖြစ်ပွားရာ မြို့နယ်၊ ရပ်ကွက်၊ နေအိမ်များသို့ကွင်းဆင်း၍ လူနာတွေ့ရှိရာနေရာသို့ ဦးတည်ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ (Case-Area Targeted Intervention)ဖြစ်သည့် လူနာများနေထိုင်ရာနေအိမ်များသို့ သွားရောက်၍ ကူးစက်မှုဖြစ်စဉ်များအား စစ်ဆေးမေးမြန်းစုံစမ်းခြင်း၊ ရောဂါပိုးထိန်းချုပ်ခြင်း၊ အနီးကပ်ထိတွေ့သူများအား Contact Treatment ပေးခြင်း၊

**စာမျက်နှာ ၁၂ ကော်လံ ၄** □

**ဆောင်းပါး**

## စာဖတ်ခြင်းယဉ်ကျေးမှုထွန်းကားဖို့ စာကြည့်တိုက်တွေဖွင့်ကြစို့

စာ - ၁၃ သို့

